မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၈ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်း ဖတ်ကြားတင်ပြ




ရန်ကုန် ဒီဇင်ဘာ ၇

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်နှစ်ဦးတို့က ဖတ်ကြားတင်ပြကြသည်။**

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီနှင့် "ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ

**စာမျက်နှာ ၃ ကော်လံ ၁ ●**

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

# သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားလာစေရေး ရေတော်မိုးတော်စိုက်ပျိုးမြေများ ဖော်ထုတ်ပေး

မြန်မာနိုင်ငံ၏ စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတည်ရှိရာ ပဲခူးတိုင်းသည် မြေသယံဇာတ ပေါကြွယ်ဝသည်။ ယင်းပေါကြွယ်ဝသည့် မြေသယံဇာတကို ရေတော်မိုးတော် စိုက်ပျိုးမြေဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ပဲခူးတိုင်းတွင် မိုးစပါးဧက ၂၄ သိန်း စိုက်ပျိုးခဲ့ရာမှ စိုက်ဧက သိန်း ၃၀ အထိ စိုက်ပျိုးရန် သုံးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်တွင် ရာနှုန်းပြည့် အောင်မြင်ခဲ့ပြီဖြစ်၍ ပဲခူးတိုင်းသည် နိုင်ငံတော်၏ အရန်စပါးကျီတစ်ခု ဖြစ်လာသည်။

ပဲခူးတိုင်း၏ အလယ်တွင် ပဲခူးရိုးမရှိပြီး ရိုးမ၏အရှေ့ဘက်တွင် စစ်တောင်းမြစ်၊ ရိုးမ၏ အနောက်ဘက်တွင် မြစ်မခမြစ်ရှိ၍ စိုက်ပျိုးမြေများပြားစွာ ရှိနေသည်။ တည်ဆောက်ပြီး ဆည်တမံ ၄၂ ခုရှိသဖြင့် ဒေသအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ပြီး အထိုက်အလျောက် ရေကြီးရေလွှမ်းမှုကို ကာကွယ်နိုင်သည်။ စစ်တောင်းမြစ် အနောက်ဘက်ခြမ်း၊ ပဲခူးရိုးမ အရှေ့ဘက်ခြမ်းတို့တွင် ဆည်တမံများ တည်ဆောက်နေရုံသာမက စစ်တောင်းမြစ် အရှေ့ခြမ်းတွင်လည်း စိုက်ပျိုးရေရရှိရန်နှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ဆည်တမံအသစ်များ တည်ဆောက်နေသည်။

ပဲခူးဒေသ ဒိုက်ဦး၊ ပြွန်တန်ဆာလွင်ပြင်နှင့် ဧရာဝတီမြစ်နှင့် ဆက်စပ်ရေစီးဆင်းမှုရှိသော မြစ်မခမြစ်ဝှမ်းဒေသတို့တွင် ရေကြီးကွင်းများ တာတမံ ဆောက်လုပ်ခြင်း၊ ရေနက်ကွင်းများ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံ၏သီးနှံစိုက်ပျိုးမှု ပိုမိုတိုးတက် မြင့်မားလာပြီး ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ယခုအခါ တစ်ဧက သီးနှံအထွက်တိုးရေးအတွက် မျိုးပြောင်းလဲမှု၊ နည်းပညာ ပံ့ပိုးမှုစသည်တို့ ဆောင်ရွက်ပေးနေသကဲ့သို့ စိုက်ဧကတိုးချဲ့ရေးအတွက် ယာမြေမှ လယ်မြေ ပြောင်းခြင်း၊ ရေအောက်မြေများ ဖော်ထုတ်ခြင်း၊ ရေကြီးရေလွှမ်း ကွင်းများမှ ရေတော်မိုးတော် စိုက်ပျိုးမြေများ ပြောင်းလဲခြင်းဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်လာမည် ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားလာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၊ ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ ကျော်လှ | ပါမောက္ခချုပ် |
| | ဆေးတက္ကသိုလ် (မန္တလေး) |
| | ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာမျိုးမြင့် | ပါမောက္ခချုပ် |
| | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) |
| | ပညာရေးဝန်ကြီးဌာန |
| (ဂ) ဦးသန်းအေး | ကျောင်းအုပ်ကြီး |
| | မန္တလေးသမဝါယမကောလိပ်၊ သမဝါယမဝန်ကြီးဌာန |

# ဗီယက်နမ် အီလက်ထရွန်နစ်ပစ္စည်းများ ပြည်ပတင်ပို့မှုမြင့်တက် ယခင်နှစ်ကထက် ဝင်ငွေ ၂၂ ရာခိုင်နှုန်းကျော် တိုးတက်မည်

ဟန္နွိုင်း ဒီဇင်ဘာ ၇

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၁လတာကာလအတွင်း ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ရရှိခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလက ဝင်ငွေထက် ၂၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗီယက်နမ် အီလက်ထရွန်နစ် လုပ်ငန်းအဖွဲ့က ဒီဇင်ဘာ ၄ ရက်၌ ပြောကြားသည်။**

ဗီယက်နမ်၏ အီလက်ထရွန်နစ် ထုတ်ကုန်များကို ထိုင်း၊ ဂျပန်၊ အမေရိကန်နှင့် ဖိလစ်ပိုင် နိုင်ငံများသို့ တင်ပို့ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ယခင်နှစ်က ကွန်ပျူတာများ အပါအဝင် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရရှိခဲ့သည်ဟု သိရသည်။

**တင်ပို့**

ဗီယက်နမ်နိုင်ငံအနေဖြင့် ဂျပန်၊ အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်၊ တောင်ကိုရီးယားနှင့် ပြင်သစ်နိုင်ငံ အပါအဝင် ဈေးကွက်သစ်များကို တိုးချဲ့တင်ပို့သွားမည်ဟု ၎င်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ထရန်ကျန်ဟောင်က ပြောကြားသည်။

ထို့အပြင် ပြည်တွင်း၌ အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်သူများ အနေဖြင့် ထုတ်လုပ်မှုအနေအထား ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိတိုးတက် မြင့်မားနေစေရန်လည်း တိုက်တွန်းလျက်ရှိသည်။

တစ်ဖန်ပြည်ပသို့တင်ပို့သည့်ထုတ်ကုန် ပစ္စည်းများအနေဖြင့် ဒီဇိုင်းပုံစံများ ဆန်းသစ် ခေတ်မီစေရန်နှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိအောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

## နိုင်ငံတကာ သတင်းများ

# အမေရိကန်၌ နှင်းမုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ် ၄၀၀ခန့် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံတစ်ဝန်းတွင် ဒီဇင်ဘာ ၃ ရက်က နှင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ဆီးနှင်းထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ ချီကာဂိုမြို့ရှိ နိုင်ငံတကာ လေဆိပ် ပိတ်ထားခဲ့ရပြီး ပြည်သူအများအပြား လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဆီးနှင်းများ ထူထပ်စွာ ညလုံးပေါက်ကျဆင်းခဲ့သဖြင့် ဆီးနှင်းထုမှာ ၁၅ စင်တီမီတာမှ ၃၀ စင်တီမီတာ အထိရှိခဲ့ပြီး ချီကာဂိုမြို့၌ အိုဟာရေးနိုင်ငံတကာ လေဆိပ်တွင် လေယာဉ်ခရီးစဉ် ၄၀၀ခန့် ဖျက်သိမ်းခဲ့ရသည်။

ထို့အတူ အီလီနွိုက်စ်နှင့် မစ်ဆူရီတို့တွင်လည်း လျှပ်စစ်ဓာတ်အား ပြတ် တောက်ခဲ့ရသည်ဟု အမေရိကန် မီဒီယာများက ဖော်ပြသည်။ ထိုနှင်းမုန်တိုင်း ကျရောက်မှုမှာ အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းမှ အနောက်အလယ်ပိုင်းသို့ တိုက်ခတ်လာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းတွင် စာသင်ကျောင်းများ၊ ရုံးများ ပိတ်ထားခဲ့ရပြီး မော်တော်ယာဉ် သွားလာမှုများလည်း ရပ်ဆိုင်းသွားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၈–၁၂–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွမ်းမပြေ”** (အပိုင်း–၂၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း–၁၃)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈–၁၂–၂၀၀၆ (သောကြာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ Myanmar Video Rhythm
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ ထင်ရှားဖူးမြော်မွေတော် ကက္ကူစေတီတော်
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ ခြေထောက် သွေးလွှတ်ကြော ကျဉ်းရောဂါ (အပိုင်း–၁) (ဒေါက်တာခင်မောင်အေး)
- ၈:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ Yangon Panorama (ဇော်စာပေ စာအုပ် အရောင်းပွဲတော်)
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ မိဘစကား၊ ဆရာ့စကား သင်းပျံ့စေသား
- ၁၀:၁၀ တေးဂီတအစီအစဉ်
- ၁၀:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၀ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ (အပိုင်း–၁)
- ၁၀:၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၅ စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားက ကူးမယ်)
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅ ကျန်းမာရေးကဏ္ဍ (နဝင်းဆရာကြီး ဦးငွေစိုး)
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ ရှုမငြီးစရာ ပုသိမ်ထီးကမ္ဘာ
- ၁၁:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (ပျားလိမ္မော်)
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန)
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**● ရှေ့ဖုံးမှ**

ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ (၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)(နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော်(AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**သဘာပတိ**

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖိုးလစ်(ခေါ်) ဦးဖိုးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူ လယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

**စတင်ကျင်းပ**

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၅ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင် နှုန်းအားဖြင့် ၉၈ဒသမ၆၁ရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုဌာန ပါမောက္ခ/ဌာနမှူး(အငြိမ်းစား) ဒေါက်တာစောဆိုင်မွန်သာက စာတမ်း(ပထမပိုင်း)ကို ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက်၉ နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့်ရွေးကောက် တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဆက်လက်ဖတ်ကြားတင်ပြရာ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ငှက်ဖျားဆရာဝန် ဒေါက်တာ ချမ်းသာ(ခေါ်) ဦးညီညီက စာတမ်း (ဒုတိယပိုင်း)ကိုဖတ်ကြားတင်ပြသည်။

**(အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဆက်လက် ဖော်ပြသွားပါမည်။)**

ထို့နောက် အခမ်းအနားမှူးက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြ၍ပြီးပြီ ဖြစ်ပါကြောင်း။

**ရှင်းလင်းတင်ပြ**

ကျန်ရှိသော အခန်း(၄)ခန်းဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး မိမိတို့ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် စာတမ်းများပြုစုလျက်ရှိကြကြောင်း၊ထိုအကြံပြုချက်စာတမ်းများ အားလုံးပြီးစီးပါက သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီသို့တင်ပြပြီးသည့် အချိန်တွင် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း၊ ကျင်းပမည့်နေ့ရက်ကိုလည်း ကြိုတင်အသိပေး တင်ပြသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး သဘာပတိ၏ ခွင့်ပြုချက်အရ ယနေ့ အမျိုးသားညီလာခံစုံညီ အစည်းအဝေးအစီအစဉ်များ ပြီးဆုံးကြောင်း ကြေညာကာ နံနက်၁၀နာရီမိနစ်၂၀တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**



# အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်း ဖတ်ကြားတင်ပြ

**ရန်ကုန် ဒီဇင်ဘာ ၇**

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

**သဘာပတိ**

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသော အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်၈၉ဦးရှိပြီး ကိုယ်စားလှယ် ၈၅ ဦး တက်ရောက်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၅ဒသမ၅၁ရှိသောကြောင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အမှာစကားပြောကြားပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ စာတမ်းပြုစုရေးအဖွဲ့က ရေးသားပြုစုထားသည့် အစုအဖွဲ့၏အကြံပြုချက်စာတမ်းကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)(ဟိုယာ)မှ ဦးလွီးဇီကျော်ကျော်(ခေါ်)သားအီနှင့် စစ်ကိုင်းတိုင်းချောင်းဦးမြို့နယ်မှ ဦးစောလှထွန်းတို့က ဖတ်ကြားတင်ပြကြသည်။

**အတည်ပြု**

ယင်းအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ဖတ်ကြားတင်ပြမည့် စာတမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် သဘာပတိအဖွဲ့ ကိုယ်စားအလှည့်ကျ သဘာပတိက ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူရာ ကိုယ်စားလှယ်များက သဘောတူကြသဖြင့် အဆိုပါအကြံပြုချက်စာတမ်းကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မုဒုံအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မုဒုံအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတို့ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစံပယ်လမ်း ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

အသက်(၈၀)နှင့် အထက်ရှိသူ အသင်းဝင်များ၊ အသင်းဝင်များ၏ အဘိုး၊ အဘွား၊ မိဘများ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်၏ သားသမီးများ၊ တက္ကသိုလ်၌ ပညာသင်ယူစဉ် ဘာသာရပ်အလိုက်ထူးချွန်စွာ အောင်မြင်ခဲ့၍ ဘာသာရပ်ဆုချီးမြှင့်ခံရသူများ၊ ဘာသာစုံဂုဏ်ထူးဖြင့်ဘွဲ့ရကြသူ အသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိသူ အသင်းဝင်များ၊ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားအဖြစ် ရွေးချယ်ခံရသူများ၏ အမည်စာရင်းများကို ဒီဇင်ဘာ ၁၁ရက် နောက်ဆုံးထား၍ အထောက်အထားများဖြင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း (ငြိမ်း) ဖုန်း–၅၇၀၈၈၂၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း–၅၃၉၄၅၃၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း–၅၃၈၇၂၁နှင့် နီးစပ်ရာ အလုပ်အမှုဆောင်တို့သို့ အချိန်မီ ဆက်သွယ် ပေးပို့ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။

**(သတင်းစဉ်)**

## အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၇

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ၅ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်း၊ ဒီဇင်ဘာ ၆ရက်ကကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့် ဒီဇင်ဘာ ၇ရက်ကကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းတို့ကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။**

(သတင်းစဉ်)

# ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိ




ရန်ကုန် ဒီဇင်ဘာ ၇

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၅ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်ပါသော အလှည့်ကျသဘာပတိကြီးနဲ့ သဘာပတိ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမယ့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အကြံပြုချက်စာတမ်းကို ကျွန်တော်နဲ့အတူ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဦးတင့်နိုင်နဲ့ ပဲခူးတိုင်း သာယာဝတီမြို့နယ်မှ ဦးကြည်မြင့်တို့က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးက အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့ရာမှာ အခန်းလိုက်ခေါင်းစဉ်(၁၅)ခုအနက် ခေါင်းစဉ်(၈)ခုတို့အတွက် ချမှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အခန်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် 'နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်' လို့ ပါရှိခဲ့ပါတယ်။

နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများတွင်လည်း အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူများ ထပ်မံချမှတ်ခဲ့ပြီးဖြစ်ပါတယ်–

- **(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊**
- **(ခ) လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။**

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့တဲ့အခန်းလိုက် ခေါင်းစဉ်အမှတ်(၉)ဖြစ်တဲ့ "ရွေးကောက်တင်မြှောက်ခြင်း" အခန်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကိုလည်း အောက်ပါအတိုင်း ချမှတ်ထားရှိခဲ့ပါတယ်–

- **(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမည်။**
- **(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။**

အထက်ဖော်ပြပါ အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများအားလုံးဟာ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်တဲ့သဘောရှိတဲ့အတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကြီးက ဆက်လက်ချမှတ်ပေးဖို့လိုအပ်လျက်ရှိပြီး ယင်းတို့အပေါ်မှီး၍ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရာမှာ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် တူညီစွာရရှိဖို့ လိုအပ်ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်ခွင့်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်တဲ့အတွက် ယင်းနိုင်ငံသားများကို ဥပဒေနဲ့အညီ အသက်ကို သတ်မှတ်ပေးရပါတယ်။ အချို့နိုင်ငံများမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများရဲ့ အသက်ကို (၁၈)နှစ် သို့မဟုတ် (၂၁) နှစ်ပြည့်ပြီးသူ ဖြစ်တယ်လို့ သတ်မှတ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများရဲ့ အသက်ကို (၁၈) နှစ်ပြည့်ပြီးသူ ဖြစ်တယ်လို့ သတ်မှတ်ခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အသေးစိတ်အခြေခံရမယ့် မူများအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရေး အတွက် မဲဆန္ဒရှင်တစ်ဦးဟာ လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသင့်ပါတယ်။ ယင်းဆန္ဒမဲကို ဘယ်လိုပေးရမယ်ဆိုတာကိုလည်း သတ်မှတ်ပေးသင့်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံများဟာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးကြကြောင်း တွေ့ရှိရပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းဟာ လွတ်လပ်ပြီး စိုးရိမ်ထိတ်လန့်ခြင်းကင်းစင်စွာ မဲပေးနိုင်ကြရမှာဖြစ်လို့ တရားမျှတမှု ရှိပါတယ်။ ဒါကြောင့် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်တဲ့အခါမှာ အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်–



**ဖတ်ကြားတင်ပြ**

**အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို အောင်မြေသာစံမြို့နယ်မှ ဦးစိုးဝင်း ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**"၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–**

- **(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူမဟုတ်သည့် အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**
- **(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော် တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**
- **(ဂ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**
- **(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။"**

**သဘာပတိကြီးခင်ဗျား–**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဆင့်ဆင့်ကို ရွေးကောက်တင်မြှောက်ဖို့ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများကိုလည်း သတ်မှတ်ပေးဖို့လိုအပ်ပါတယ်။ လောကီရေးကို စွန့်လွှတ်ခဲ့ကြတဲ့ သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများနှင့် ရွေးကောက်ပွဲ ဥပဒေအရ တားမြစ်ခြင်းခံရသူများ စသည်တို့ကိုလည်း ဆန္ဒမဲပေးပိုင်ခွင့် မပြုသင့်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများအဖြစ် အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

**"၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–**

- **(က) သာသနာ့ဝန်ထမ်းများ၊**
- **(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**
- **(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊**
- **(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊**
- **(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများ။"**

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည် မိမိတို့ ရွေးကောက်ခံရရေးအတွက် လွှတ်တော်တစ်ရပ်နဲ့ မဲဆန္ဒနယ် တစ်နယ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်တဲ့အတွက် အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့် မူအဖြစ်ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

**"၃။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲ တစ်ရပ်တွင်–**

- **(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။**
- **(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။"**

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများတွင် အောက်ပါအတိုင်း ချမှတ်ထားပြီး ဖြစ်ပါတယ်–

**ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း–**

- **(က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။**
- **(ခ) ထူးခြားသော အခြေအနေရှိသည့် ကိုကိုးကျွန်းမြို့နယ်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။**
- **(ဂ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နဲ့ စပ်လျဉ်းပြီး ထူးခြားသော အခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်နိုင်သည်။**

ဒါကြောင့် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ဥပဒေအရ ပြည်ထောင်စုနယ်မြေအဖြစ် ထပ်မံသတ်မှတ်ခြင်းခံရမည့် ပြည်ထောင်စုနယ်မြေများ၏ လွှတ်တော် ကိုယ်စားလှယ်များအတွက် အောက်ဖော်ပြပါ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

**"၄။ (က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စု နယ်မြေများအတွင်း မှီတင်း နေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။**

**(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက် တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ။"**

**သဘာပတိကြီးခင်ဗျား–**

ချမှတ်ထားပြီးဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများဟာ နိုင်ငံသားတိုင်းသည် ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိစေတဲ့ အခွင့်အရေးများ သတ်မှတ်ပေးထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အဲဒီအခွင့်အရေးများကို ပြဋ္ဌာန်းထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

**"၅။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း အရည်အချင်း ပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။"**

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များဆိုင်ရာ အခန်းတွင် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့် မူများအရလည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများအရ လည်းကောင်း၊ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် ရှိပါတယ်။ အဲဒီလို ပြန်လည်ရုပ်သိမ်းခွင့်ကို လိုက်နာကျင့်သုံးတဲ့အခါမှာ နည်းလမ်းတကျ ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးဖို့ လိုအပ်ပါတယ်။ တာဝန်မှ ပြန်လည်ရုပ်သိမ်းရမယ့် လွှတ်တော် ကိုယ်စားလှယ်ရဲ့ ပြစ်ချက်များ၊ ယင်းကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော မဲဆန္ဒနယ်မှ တိုင်တန်းရမယ့် မဲဆန္ဒရှင်အရေအတွက် သတ်မှတ်ချက်၊ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေး အရေးယူရမယ့် အဖွဲ့အစည်း၊ စုံစမ်းစစ်ဆေးခြင်းခံရမယ့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ချေပခွင့်များကို သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒါကြောင့် အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်–

**"၆။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–**

- **(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**
- **(၂) ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**
- **(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊**
- **(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

စာမျက်နှာ ၅ ကော်လံ ၁ သို့

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လစာ၊စရိတ်၊ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်

စာမျက်နှာ ၄ မှ

**(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊**

**(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ တင်ပြရမည်၊**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊**

**(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊**

**(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။"**

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူများ ချမှတ်ထားခဲ့ပြီး အဆိုပါ အသေးစိတ် အခြေခံရမယ့်မူများကိုလည်း ပြဋ္ဌာန်းနိုင်ဖို့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးလျက်ရှိကြပါတယ်။ ယခုအခါ မိမိတို့ ကျင့်သုံးလျက်ရှိတဲ့ ရွေးကောက်တင်မြှောက်ခြင်းကိစ္စမှာ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့ စနစ်အစား ပိုမိုခေတ်မီတဲ့ ရွေးကောက်တင်မြှောက်ခြင်းစနစ်များ ပေါ်ပေါက်လာနိုင်ကောင်း ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် အောက်ဖော်ပြပါ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။"**

**သဘာပတိကြီးခင်ဗျား-**

အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများတွင် နိုင်ငံတော်ရဲ့ ဦးတည်ချက်(၆)ရပ်မှာ "စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး" ဦးတည်ချက်တစ်ရပ်ပါရှိခဲ့ပြီး နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူအဖြစ် **"နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"**လို့ ချမှတ်ခဲ့ပါတယ်။ အဲဒီလိုချမှတ်ထားတဲ့မူများနဲ့အညီ ရွေးကောက်ပွဲဆိုင်ရာအတွက် ပြဋ္ဌာန်းတဲ့ဥပဒေများနဲ့ နိုင်ငံရေးပါတီများအတွက် ပြဋ္ဌာန်းတဲ့ ဥပဒေကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လိုအပ်မှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲများကို စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုပေးဖို့ ယခင်ခေတ်အဆက်ဆက်က ရွေးကောက်ပွဲမင်းကြီး၊ ရွေးကောက်ပွဲကော်မရှင်၊ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အရည်အချင်းရှိသူများဖြင့် အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းသင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ် -

**"၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး (၅)ဦးကို ခန့်အပ်တာဝန် ပေးနိုင်သည်။**

**(ခ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် -**

**(၁) အသက်(၅၀)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊**

**(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။**

**(၃) (កក) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ (သို့မဟုတ်)**

**(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ထက်မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။(သို့မဟုတ်)**

**(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)**

**(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူ ဖြစ်ရမည်။**

**(၄) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်။**

**(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။**

**(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။**

**(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။**

**(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်။**

**(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူး ကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်။"**

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဖွဲ့စည်းပြီးတဲ့နောက်မှာ တိကျတဲ့ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဟာ စစ်မှန်တဲ့စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဓိကနေရာက ပါဝင်လျက်ရှိကြောင်း တွေ့ရပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ဥပဒေနဲ့အညီ ကျင်းပပေးရမှာ ဖြစ်ပါတယ်။ အဲဒီလွှတ်တော် ရွေးကောက်ပွဲတွေကိုလည်း လွတ်လပ်ပြီး တရားမျှတအောင် ဥပဒေနဲ့အညီ ကြီးကြပ်ပေးရေးကိစ္စ၊ နိုင်ငံတစ်ဝန်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ရမယ့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးရေးကိစ္စ၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းကိစ္စ၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းကိစ္စ၊ ရွေးကောက်ပွဲ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များထုတ်ပြန်ပေးရေးကိစ္စ၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ မကျင်းပနိုင်လျှင် ယင်းရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းကိစ္စ၊ ရွေးကောက်ပွဲနဲ့ နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ဥပဒေနဲ့အညီ ထုတ်ပြန်ရေးကိစ္စ၊ ရွေးကောက်ပွဲ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ရေးအတွက် ရွေးကောက်ပွဲ ခုံအဖွဲ့များကို ဖွဲ့စည်းရေးကိစ္စများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့တာဝန်တွေကို အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၉။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

**(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊**

**(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊**

**(ဂ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊**

**(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊**

**(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊**

**(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ခြင်း၊**

**(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊**

**(ဇ) ဥပဒေ တစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။"**

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကိုလည်း စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်း၍ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သင့်သလို စွပ်စွဲပြစ်တင်ခံစေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။"**

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးဟာ ရာထူးတာဝန်ထမ်းဆောင်နေစဉ် ကျန်းမာရေးအခြေအနေအရဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ မိမိသဘောဆန္ဒအရ ရာထူးမှ နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသင့်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်သော် လည်းကောင်း၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်သော်လည်းကောင်း၊ ကွယ်လွန်ခြင်း ကြောင့်သော်လည်းကောင်း နေရာလစ်လပ်မှု ဖြစ်ပေါ်လာပါက အသစ် အစားထိုး ခန့်အပ်တာဝန်ပေးသင့်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ရာထူးနေရာတွေမှာ နိုင်ငံ့ဝန်ထမ်းများထဲက သင့်လျော်မယ့် ပုဂ္ဂိုလ်များ ကိုလည်း ခန့်ထားနိုင်ပါတယ်။ ဒါပေမယ့် အရည်အချင်းသတ်မှတ်ချက်တွေထဲမှာ **"လစာ၊စရိတ်ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်း မပြုသူ ဖြစ်ရန်"** လို့သတ်မှတ်ပါရှိပါတယ်။ ဒါကြောင့် ယင်းရာထူးနေရာများမှာ ခန့်ထား တာဝန်ပေးခြင်းခံရမယ့် နိုင်ငံ့ဝန်ထမ်းတွေဟာ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်း များနဲ့အညီ အငြိမ်းစားယူစေရမှာဖြစ်တဲ့အတွက် အောက်ပါအတိုင်း အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၁၁။ (က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်း တစ်ခုခုကြောင့် မိမိသဘော ဆန္ဒအလျောက်ရာထူးမှ နုတ်ထွက် လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံစာဖြင့် တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။**

**(ခ) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရ ခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စု ဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။"**

**သဘာပတိကြီးခင်ဗျား-**

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဟာ အရည်အချင်းပြည့်ဝပြီး၊ ဥပဒေပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူများလည်း ပါရှိလာမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ၊ အယူခံလွှာများ၊ ကန့်ကွက်လွှာများ၊ တင်သွင်းမယ့်ကိစ္စများ၊ နိုင်ငံရေးပါတီများဆိုင်ရာ ကိစ္စများကို ဥပဒေများနဲ့အညီ တိကျမှန်ကန်စွာ အပြီးအပြတ် အဆုံးအဖြတ် ပေးစေသင့်ပါတယ်။ ဒါကြောင့် ယင်းကိစ္စများနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့် ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၁၂။ အောက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်-**

**(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊**

**(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊**

**(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စ ရပ်များ။"**

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ အထက်တွင် အသေးစိတ် ဆွေးနွေးတင်ပြထားတဲ့ ရွေးကောက်ပွဲဆိုင်ရာတာဝန်များ၊ နိုင်ငံရေးပါတီများ ဆိုင်ရာ တာဝန်များကို မှားမယွင်း မတိမ်းစောင်းရအောင် သတိကြီးစွာထား၍ ကြီးလေးသောတာဝန်ကို မမှိတ်မသုန်ထမ်းဆောင်ကြရမယ့် ပုဂ္ဂိုလ်များ ဖြစ်တာကြောင့် ယင်းတို့ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ပေးရန် လိုအပ်တဲ့အတွက် အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ် သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်-

**"၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။"**

**"၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်း သည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။"**

**သဘာပတိကြီးခင်ဗျား-**

ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ဆက်နွှယ်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့စပ်လျဉ်းပြီး ချမှတ်ပြီးခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများတွင် **"ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"**လို့ ပါရှိခဲ့ပါတယ်။ အဲဒီလို အသေးစိတ်အခြေခံရမယ့်မူ ချမှတ်စဉ်က နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက် တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာ

စာမျက်နှာ ၆ ကော်လံ ၁ သို့

# နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်

စာမျက်နှာ ၅ မှ

နေထိုင်ခဲ့တဲ့ကာလကို နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့တဲ့ ကာလအဖြစ် ထည့်သွင်းရေတွက်သင့်တဲ့အတွက် အောက်ပါအတိုင်း အသေးစိတ် အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"** လို့ ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ အောက်တွင် ခြွင်းချက်အဖြစ် **"နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။"**

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံတွင် ရွေးကောက်တင်မြှောက်ခြင်းအခန်း အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အထက်ပါအတိုင်း ဆွေးနွေးတင်ပြလို့ပြီးပါပြီ။ အဲဒီ အသေးစိတ် အခြေခံရမယ့်မူများတွင် ပါရှိခဲ့သော အပိုဒ် ၈မှ အပိုဒ်၁၄အထိမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် ဖွဲ့စည်းမှု၊ တာဝန်သတ်မှတ်မှု၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် စသည်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပြည်ထောင်စု လွှတ်တော် ဖွဲ့စည်း၍ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲ သမ္မတကို ရွေးချယ်တင်မြှောက်ခံရပြီးနောက်မှ ဆောင်ရွက်ရမယ့် ကိစ္စရပ်များသာ ဖြစ်ပါတယ်။

အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်ပြီးနောက်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲများ၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်း၊ ပါဝင်ယှဉ်ပြိုင်ခြင်းကိစ္စများဟာလည်း မလွဲမသွေဆောင်ရွက်ရမယ့် ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဒီတာဝန်များကို ကြားဖြတ်ထမ်းဆောင်ဖို့ အဖွဲ့အစည်း တစ်ခု လိုအပ်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လိုအပ်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးများ ခေါ်ယူကျင်းပပေးသည်အထိ တာဝန်ယူ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ရွေးကောက်တင်မြှောက်ခြင်းအတွက် အဓိကအကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့နဲ့ အဖွဲ့ခွဲများ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းတာဝန် ပေးသွားရမှာဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ အမှတ်စဉ် ၁မှ ၁၄အထိနဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ဆက်နွှယ်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည်အချင်းသတ်မှတ်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ် ချမှတ်သင့်တဲ့မူ တစ်ချက် အပါအဝင် စုစုပေါင်း ၁၅ချက်ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ဦးဝင်းမြင့်က ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ စပ်လျဉ်း၍ ဆက်လက်ဖတ်ကြားတင်ပြသွားပါ့မယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့မှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို ကျွန်တော်တို့ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ ကိုယ်စားလှယ်များအနေနဲ့ အသေးစိတ် လေ့လာမှတ်သား ဆွေးနွေးခဲ့ကြပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်အတွက် တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဟာ အရေးအကြီးဆုံး ဖြစ်တယ်ဆိုတာ သမိုင်းကြောင်းအတွေ့အကြုံများအရ ကျွန်တော်တို့ အလေးအနက် ခံယူထားခဲ့ကြပါတယ်။ တိုင်းရင်းသား သွေးစည်းညီညွတ်ရင် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမှ ကျွန်တော်တို့နိုင်ငံကို ကျူးကျော်ထိပါး၊ နှောင့်ယှက်နိုင်ခြင်းမရှိခဲ့ပါဘူး။ သို့သော် တိုင်းရင်းသား သွေးစည်းညီညွတ်မှုမရှိရင်၊ ပြိုကွဲနေရင် ကျွန်တော်တို့နိုင်ငံကို နည်းအမျိုးမျိုးနဲ့ ကျူးကျော်ထိပါး၊ နှောင့်ယှက်ခဲ့ကြတာကို သမိုင်းစဉ်တစ်လျှောက်မှာ မေ့ပျောက်လို့မရအောင် အတွေ့အကြုံ အမြောက်အမြား ရှိခဲ့ကြပါတယ်။

အဲဒါကြောင့် သမိုင်းစဉ်ဆက်မက ယနေ့အချိန်အခါထိ ကျွန်တော်တို့ နိုင်ငံကို တိုင်းရင်းသား သွေးစည်းညီညွတ်မှု ပျက်ပြားအောင်၊ ပြိုကွဲအောင် သွေးထိုးလှုံ့ဆော် လုပ်ကြံဆောင်ရွက်နေကြပါတယ်။ အဲဒီလို တိုင်းရင်းသား သွေးစည်းညီညွတ်မှု ပျက်ပြားသွားရင် ပြည်ထောင်စုကြီးဟာလည်း ပြိုကွဲမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား သွေးစည်းညီညွတ်မှုပျက်ပြားပြီး ပြည်ထောင်စုကြီး ပြိုကွဲသွားရင် အချုပ်အခြာအာဏာဟာလည်း လက်လွတ်ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရမှာဖြစ်လို့ ပါတီအဖွဲ့အစည်းများဟာ ဥပဒေနဲ့အညီ ဖွဲ့စည်းပေါ်ပေါက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပေါ်ပေါက်လာမယ့် နိုင်ငံရေးပါတီများဟာလည်း ပါတီများရဲ့ဦးတည်ချက်၊ လမ်းစဉ်မူဝါဒ၊ လမ်းညွှန်သဘောတရားများ ချမှတ်ကျင့်သုံးလာကြမှာ ဖြစ်ပါတယ်။

အဲဒီလို ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပါတီများရဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေဟာ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် လိုက်နာရမှာဖြစ်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ–

**"၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ခိုင်ခိုင်မာမာ ပြဋ္ဌာန်းသင့်ပါကြောင်း အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီမိုကရေစီစနစ်ဟာ လူတိုင်းလိုလားတောင့်တတဲ့ နိုင်ငံရေးကျင့်စဉ်တစ်ရပ် ဖြစ်ပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားလို့လည်း သတ်မှတ်ခံယူထားကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လွတ်လပ်ရေးရပြီးသည့်နောက် ပါလီမန်အုပ်ချုပ်ရေးစနစ် ကျင့်သုံးခဲ့တဲ့ကာလ၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့တဲ့ကာလများကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး ဖြစ်ပါတယ်။



**ဖတ်ကြား တင်ပြ**

**အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ညောင်ရွှေမြို့နယ်မှ ဦးဝင်းမြင့် ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

ဒီမိုကရေစီစနစ်နဲ့ အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ မင်းမဲ့စရိုက်ဆိုးဟာ အလွှာပါးကလေးနဲ့ပဲ ခွဲခြားထားတာဖြစ်လို့ ဒီမိုကရေစီအမည်ခံပြီး မင်းမဲ့စရိုက်၊ လူအုပ်စုဖွဲ့စရိုက်မျိုး ကျင့်သုံးလုပ်ဆောင်ခဲ့ကြလို့ တိုင်းပြည်ချောက်ကမ်းပါးထဲ ကျလုလု ဖြစ်ခဲ့ရတာကို ကျွန်တော်တို့ မမေ့နိုင်ကြသေးပါဘူး။

ဒါကြောင့် နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်စဉ်ကို မှန်မှန်ကန်ကန်၊ အနှစ်သာရ ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်ဖို့အတွက် ပြည်သူတစ်ရပ်လုံးကို စစ်မှန်တဲ့ ဒီမိုကရေစီရဲ့ အဓိပ္ပာယ် အနှစ်သာရများ သိရှိနားလည်မှန်ကန်စွာ ကျင့်သုံးတတ်အောင် နိုင်ငံရေးပါတီများက လေ့ကျင့်ပညာပေးစေသင့်ပါတယ်။

ဒါ့အပြင် နိုင်ငံရေးသည် ပြည်သူ့အရေးဖြစ်သည်။ နိုင်ငံတော်အာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာသည်။ ပြည်သူတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် မှန်မှန်ကန်ကန်၊ သစ္စာရှိရှိ အရည်အချင်း ထက်ထက်မြက်မြက်နှင့် တာဝန်ဖော်ဆောင်သွားနိုင်တဲ့ အရည်အချင်းရှိသူများကို ရွေးချယ်တင်မြှောက်ရန် တာဝန်ရှိသည်ဆိုတဲ့ အမျိုးသားနိုင်ငံရေးအပေါ် အစဉ်သဖြင့် စိတ်ဝင်စားစွာ ဆောင်ရွက်နေရမှာလည်း ဖြစ်ပါတယ်။

ပြည်သူလူထုကို ဦးဆောင်ဦးရွက် လုပ်ကိုင်ဖော်ဆောင်ပေးရမယ့် နိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရာမှာ စံပြဖြစ်နေဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**"၂။ နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား လိုက်နာရမည်၊**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထား ရမည်"**

လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံမှာ ခိုင်မာပြီး၊ စနစ်တကျ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးမှသာလျှင် တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ နိုင်ငံရေးပါတီများအနေနဲ့ ပြည်သူများကို လွတ်လပ်စွာစုဝေးခွင့်၊ စည်းရုံးခွင့်များ ရှိနေရမှာ ဖြစ်ပါတယ်။ ပါတီများ လွတ်လပ်စွာ စုဝေးခွင့်စည်းရုံးခွင့်ပြုရာမှာ ဥပဒေမဲ့အကြမ်းဖက်ခြင်း၊ ပြည်ပ အကူအညီနဲ့ သြဇာခံယူခြင်းများကို ခွင့်မပြုဘဲ ဥပဒေနဲ့အညီသာ ခွင့်ပြုရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီများဟာ ပါတီအကျိုးနဲ့ ပြည်သူ့အကျိုးယှဉ်လာရင် ပါတီအကျိုးကိုစွန့်ပြီး ပြည်သူ့အကျိုးဆောင်ရွက်ပေးရမယ်ဆိုတဲ့ ခံယူချက်မျိုးရှိနေမှသာ ပြည်သူကိုဦးဆောင်နိုင်တဲ့ ပါတီ၊ ပြည်သူ့အကျိုးကို ဦးထိပ်ထားတဲ့ ပါတီအဖြစ် ပြည်သူက လက်ခံလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံရေးပါတီများသည် ပြည်သူ့အကျိုးအတွက် လွတ်လပ်စွာ စည်းရုံးခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းပေးသင့်ပါတယ်။ ဒါကြောင့်–

**"၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"**

လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီနေ့ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံတကာဖြစ်ရပ်တွေဟာ အလွန်ခက်ခဲသိမ်မွေ့ ရှုပ်ထွေးလျက်ရှိပါတယ်။ ရိုးသားစွာ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ နည်းပညာ ပြန့်ပွား ကျင့်သုံးရေးတို့အတွက် ထာဝရလက်တွဲဖော် မဟာမိတ်များရှိသလို နိုင်ငံရေးနည်းပရိယာယ်ကိုသုံးပြီး စီးပွားရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးများ အကြောင်းပြပြီး မိမိတို့အကျိုးကို ဖော်ဆောင်ပေးနိုင်တဲ့ မိမိတို့ရဲ့ ထီးရိပ်အောက်ရောက်ရှိလာအောင် ဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်နေကြရမှာဖြစ်ပါတယ်။

အဲဒီ အင်အားစုတွေဟာ နိုင်ငံအနေနဲ့ဖြစ်စေ၊ ပုံစံအမျိုးမျိုး၊ အမည်အမျိုးမျိုးတပ်ထားတဲ့ အဖွဲ့အစည်း၊ အသင်းများအမည်ခံလို့ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ချဉ်းကပ်မှု၊ ချီးမြှင့်မှု၊ ထောက်ပံ့မှုမျိုးများဖြင့် နိုင်ငံများစွာကို ထိုးဖောက်စည်းရုံးနေကြတာကိုလည်း တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ အတိတ်သမိုင်းမှာလည်း နိုင်ငံရေးပါတီအချို့၊ လူပုဂ္ဂိုလ်အချို့၊ အဖွဲ့အစည်းအချို့ဟာ နိုင်ငံရေးဝါဒအရ လွှမ်းမိုးမှု၊ စီးပွားရေးအရ လွှမ်းမိုးမှု၊ စစ်ရေးအရ လွှမ်းမိုးမှုတွေရှိခဲ့ကြောင်း သမိုင်းသင်ခန်းစာအရ လေ့လာသိရှိခဲ့ကြပြီး ဖြစ်ပါတယ်။

အတိတ်ရဲ့ သမိုင်းအတွေ့အကြုံများမှ သင်ခန်းစာများ ထုတ်ယူပြီး ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့ ပြည်သူ့အကျိုးပြုပါတီများသာ ဖွဲ့စည်းဖြစ်ပေါ်စေသင့်ပါတယ်။ နည်းအမျိုးမျိုးနဲ့ ပြည်ပသြဇာခံပြီး ပြည်ထောင်စုဖြိုခွဲဖို့၊ နယ်ချဲ့သမားကို လက်ယပ်ခေါ်တဲ့ ပါတီမျိုးမရှိဖို့ လိုအပ်ပါတယ်။ အဲဒီပါတီမျိုးရှိလာလျှင်လည်း ပါတီအဖြစ်မှ ရပ်စဲစေတဲ့မူများ ချမှတ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ ရေရှည်အကျိုးကိုကြည့်ပြီး နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်နဲ့ပတ်သက်လို့–

**"၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ်ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

**၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်"**

စတဲ့ အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံတော်ရဲ့ အနာဂတ်ကာလမှာ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးအတွက် ခိုင်မာတဲ့အခြေခံမူများရရှိအောင် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်နေကြပါတယ်။ အဲဒီလိုစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးမှာ နိုင်ငံရေးပါတီများရဲ့အခန်းကဏ္ဍဟာ မြင့်မြင့်မားမား ရပ်တည်နေကြရမှာ ဖြစ်ပါတယ်။ အဲဒီလိုရပ်တည်နိုင်ရေးအတွက် နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခိုင်အမာဥပဒေများ ပြဋ္ဌာန်းပေးထားရမှာ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေနဲ့အညီ ပြဋ္ဌာန်းဖွဲ့စည်း၊ စည်းရုံးလှုပ်ရှားဆောင်ရွက်ကြရမယ့် နိုင်ငံရေးပါတီများဟာ၊ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန် ထမ်းဆောင်နေကြမှသာ အေးချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို လျင်မြန်စွာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ ကင်းကင်းရှင်းရှင်းနဲ့ တိုင်းရင်းသား လူမျိုးအားလုံးရဲ့အကျိုးစီးပွားကို နိုင်ငံရေးပါတီများက စွမ်းရည်ထက်မြက်စွာနဲ့ ဆောင်ရွက်နိုင်ကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီလို အခြေခံကောင်းတွေ ခိုင်မာစွာ ချမှတ်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**"၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံတွင် ခိုင်မာပြီး စနစ်တကျ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးနိုင်မှသာလျှင် တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ အဲဒီလို ပါတီမျိုးရှိစေရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သင့်လျော်သောမူများကို ချမှတ်ပြဋ္ဌာန်းပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ၊ ပါတီစုံဒီမိုကရေစီ၏ အနှစ်သာရကို မပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းပေးထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ

စာမျက်နှာ ၇ ကော်လံ ၁ သို့

# နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာနိုင်

**စာမျက်နှာ ၆ မှ**

အခြေခံဥပဒေမှာ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူ အမှတ်စဉ် ၁ မှ အမှတ်စဉ် ၆ အထိနဲ့ စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်နိုင်ရန် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးတင့်နိုင်က ဆက်လက်ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးတင့်နိုင်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးတင်ပြပါမယ်။

နိုင်ငံတော် ဒေသအချို့မှာသော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံး၌သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိပါးမယ့် အန္တရာယ်မျိုး ကြုံတွေ့ခြင်းကြောင့်ဖြစ်စေ၊ တိုင်းတစ်ပါးမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေဆိုးရွားစွာ ယိုယွင်းပျက်စီးလာခြင်းကြောင့်ဖြစ်စေ၊ လေဘေး၊ ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေးစတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့် ဖြစ်စေ အရေးပေါ် အခြေအနေ ပေါ်ပေါက်တတ်ပါတယ်။ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာခြင်းကြောင့် နိုင်ငံတော်ရဲ့ ပျက်စီးယိုယွင်းနေတဲ့ အခြေအနေကို မူလအခြေအနေ ပြန်ရောက်အောင် ဆောင်ရွက်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားတဲ့ နိုင်ငံတော်အကြီးအကဲက အရေးပေါ် အခြေအနေ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမှာ ဖြစ်ပါတယ်။

နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း အထက်မှာတင်ပြခဲ့သလို အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက မိမိတို့နိုင်ငံရဲ့ အနေအထား၊ အခြေအနေ၊ ရေမြေသဘာဝတို့အပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်စေမယ့် ဥပဒေများကို ပြဋ္ဌာန်းထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

သို့အတွက် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ကြေညာခြင်းနှင့် စပ်လျဉ်းပြီး အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေများ သတ်မှတ်ပါရှိမှာဖြစ်ပြီး ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ခွဲဝေထားမှာ ဖြစ်ပါတယ်။ ၎င်းအာဏာများအနက် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရတဲ့ အုပ်ချုပ်ရေးယန္တရားဟာ စဉ်ဆက်မပြတ် လည်ပတ်နေဖို့ အရေးကြီးပါတယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ချို့ယွင်းအားနည်းမှုများကြောင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများမှာ လျော့ရိလျော့ရဲ ဖြစ်လာနိုင်သလို အားနည်းချက်အပေါ် အမြတ်ထုတ်လိုသူတွေရဲ့ ပယောဂတွေကြောင့် အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်မှုမရှိဘဲ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးတော့မယ့် အခြေအနေမျိုး ရောက်ရှိလာတတ်ပါတယ်။ ဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာပြီဆိုရင် ပေါ်ပေါက်လာတဲ့ အခြေအနေကို အချိန်မီ ထိန်းသိမ်းပေးဖို့ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာပေးဖို့ လိုအပ်လာမှာဖြစ်ပါတယ်။

နယ်မြေဒေသတစ်ခုအတွက် အရေးပေါ်အခြေအနေ ကြေညာတယ်ဆိုတာ နိုင်ငံအတွက် အလွန်အရေးကြီးပြီး အထူးဂရုစိုက် ဆောင်ရွက်ရတဲ့ ကိစ္စဖြစ်ပါတယ်။ အချိန်မီ အရေးပေါ်အခြေအနေ ကြေညာသင့်ပါလျက် နောက်ကျသွားခဲ့ရင် နယ်မြေဒေသတစ်ခုကနေ အခြားနယ်မြေဒေသတစ်ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်တတ်သလို အလွယ်တကူဆုံးဖြတ်ပြီး အချိန်မသင့်ဘဲ ကြေညာမိပြန်ရင်လည်း နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုများကို ပျက်ပြားစေနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတတစ်ဦးတည်း လွယ်လွယ်ကူကူဆုံးဖြတ်ပြီး ကြေညာအပ်တဲ့ ကိစ္စမဟုတ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီးမှ ကြေညာသင့်ပါတယ်။

သို့ပါ၍ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ အရေးပေါ်အခြေအနေ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်းပြီး–

> **“၁။ တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေ ကြေညာထားတဲ့ နယ်မြေဒေသမှာ နိုင်ငံတော်သမ္မတဟာ ၎င်းနယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ပုံမှန်အနေအထားဖြစ်လာအောင်၊ တရားဥပဒေစိုးမိုး၍ ရပ်ရွာအေးချမ်းသာယာပြီး တည်ငြိမ်မှုရအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့် လိုအပ်ပါက အုပ်ချုပ်ရေးအာဏာကို သာမက အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများနဲ့သက်ဆိုင်တဲ့ ဥပဒေပြုရေးအာဏာကိုပါ ရယူသုံးစွဲနိုင်စွမ်းရှိပါတယ်။ အုပ်ချုပ်ရေးအာဏာကို သုံးစွဲရာမှာ နိုင်ငံတော်သမ္မတရဲ့ကိုယ်စား နယ်မြေဒေသအလိုက် သင့်လျော်တဲ့ပုဂ္ဂိုလ်များ ပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအား ဖြစ်စေ၊ လုပ်ပိုင်ခွင့်များ အပ်နှင်းဆောင်ရွက်သင့်သော်လည်း သက်ဆိုင်ရာနယ်မြေဒေသရဲ့ ဥပဒေပြုအဖွဲ့ဖြစ်တဲ့ လွှတ်တော်ကသာ ကျင့်သုံးရတဲ့ ဥပဒေပြုခွင့်အာဏာကို နိုင်ငံတော်သမ္မတကိုယ်တိုင် ကိုင်တွယ်ကျင့်သုံးသင့်ပါတယ်။



**ဖတ်ကြားတင်ပြ**

**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို မုံရွာမြို့နယ်မှဦးတင့်နိုင် ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

သို့ပါ၍ အရေးပေါ်အခြေအနေ ကြေညာထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ကို သုံးစွဲဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်းပြီး–

> **“၂။ အပိုဒ် ၁ အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**
>
> **(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေး အာဏာကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်း ဆောင်ရွက်စေနိုင်သည်၊**
>
> **(ခ) ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်။ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မသမာသူများဟာ **“တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ်”** ဆိုသလို အုပ်ချုပ်ရေးယန္တရားလျော့ရဲမှု၊ နယ်မြေဒေသ မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေကို လုယက်ဖျက်ဆီးမှုများ ပြုလုပ်လာတတ်ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့် ဒီလိုအခြေအနေတွေ ထိန်းသိမ်းဖို့ ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်ဖို့နဲ့ နယ်မြေဒေသအတွင်း တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ကြေညာရမှာ ဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းရာမှာ ကောင်စီဝင်အားလုံး စုံစုံညီညီရှိပါက ကောင်စီရဲ့ဆုံးဖြတ် ချက်နဲ့အညီ အရေးပေါ်အခြေအနေကို ကြေညာနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ စုံညီစွာ မတက်နိုင်တဲ့အခါ ပြည်သူတွေရဲ့ အိုးအိမ်စည်းစိမ်တွေကို အချိန်မီကာကွယ်ပေးနိုင်ဖို့ နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ ညှိနှိုင်းတိုင်ပင်ပြီး အရေးပေါ်အခြေအနေကို ကြေညာသင့်ပါတယ်။ ယင်းဆောင်ရွက်ချက်ကိုလည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ၍ အတည်ပြုချက် ရယူသင့်ပါတယ်။ သို့ပါ၍ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စု နယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါး အန္တရာယ်ပြုမည့် အခြေအနေမျိုးပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး–

> **“၃။ (က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ တစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင် ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်းသိရှိလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင် သည်။**
>
> **(ခ) အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်း မရှိပါက အဖွဲ့ဝင် များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး ဌာန ဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန် ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံး တင်ပြ အတည်ပြုချက်ရယူရမည်”**

လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေ ကြေညာထားတဲ့နယ်မြေမှာ နိုင်ငံတော်သမ္မတကိုယ်စား အဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ တည်ငြိမ်ရေး၊ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်ရေးကို လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်လို့မရနိုင်တဲ့ အခြေအနေမျိုးမှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုပါ ထိပါးအန္တရာယ်ပြုမယ့် အခြေအနေမျိုး ထပ်မံရင်ဆိုင်လာရပြီဆိုရင် နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ဆောင်ရွက်ထိန်းသိမ်းဖို့ ရနိုင်မှာမဟုတ်ဘဲ ၎င်းအဖွဲ့အစည်းများနဲ့ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကိုပါ ဟန့်တားနှောင့်ယှက်မှုတွေ ပြုလာကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ အာဏာပိုင်အဖွဲ့အစည်း၊ ဝန်ထမ်းအဖွဲ့အစည်းများနဲ့ ယင်းတို့ရဲ့ အဖွဲ့အစည်းဝင်များ လုံခြုံစိတ်ချစွာ ထိထိရောက်ရောက် တာဝန်ထမ်းဆောင်နိုင်ဖို့ တပ်မတော်ရဲ့ အကူအညီကို မလွဲမသွေ ရယူဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ဆောင်ရွက်သော်လည်း လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်မှုမရှိခြင်း၊ ကျရောက်နေတဲ့ ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ စစ်အုပ်ချုပ်ရေးအာဏာပိုင်ဟာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတွေကို ပီပီပြင်ပြင် ထိထိရောက်ရောက် စစ်အုပ်ချုပ်ရေးအမိန့်ထဲမှာ စစ်အုပ်ချုပ်ရေးအာဏာပိုင်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့တာဝန်၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့် တာဝန်တွေပါ သတ်မှတ်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

သို့ပါ၍ အရေးပေါ်အခြေအနေ ကြေညာချက် အကျိုးသက်ရောက်တဲ့ နယ်မြေဒေသအတွင်း တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုကို ရယူဆောင်ရွက်ခြင်း၊ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး–

> **“၄။ အပိုဒ် ၃ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**
>
> **(က) အရေးပေါ်အခြေအနေ ကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန် ပြန်လည် ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက် ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင် များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင် ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်၊**
>
> **(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန် နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေး ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ် ပေးရမည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံး ဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက် အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင် သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာရာတွင်လည်းကောင်း၊ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ရာတွင်လည်းကောင်း မိမိအား အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အတိုင်း ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်သင့်ပြီး ၎င်းအမိန့်တွင် အကျိုးသက်ရောက်မယ့် နယ်မြေဒေသနဲ့ အချိန်ကာလတို့ကို တိတိကျကျ သတ်မှတ်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

အရေးပေါ်အခြေအနေ ကြေညာခံရတဲ့ နယ်မြေဒေသမှာရှိတဲ့ ပြည်သူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးအားလုံးကို အပြည့်အဝ ခံစားနိုင်မှာ မဟုတ်ပါ။ တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးနဲ့တရားဥပဒေစိုးမိုးရေး ပြန်လည်ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းနေဆဲကာလမှာ လူဆိုး၊ လူကောင်း ခွဲခြားဖို့ခက်ခဲတဲ့အတွက် နိုင်ငံသားများ ခံစားခွင့်ရှိနေတဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်ထားရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

8-12 (07) 1 12/8/06, 1:13 AM

စာမျက်နှာ ၇ မှ

သို့ပါ၍ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာခြင်း၊ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**“၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ–**

**(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။**

**(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူသင့်သလို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်ပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူပြီး တင်ပြအတည်ပြုချက် ရယူဖို့လိုအပ်ပါတယ်။ အတည်ပြုချက်ရယူရမယ့် အချိန်ကာလကို မိမိနိုင်ငံရဲ့ အနေအထား၊ အခြေအနေ၊ နယ်မြေသဘာဝနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် အချိန်ကာလကို သတ်မှတ်ထားဖို့လည်း လိုအပ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်ပြီး ကြေညာခဲ့တဲ့ အရေးပေါ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရေးနဲ့ စပ်လျဉ်းပြီး–

# နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည့်အခါ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်

**“၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ် အခြေအနေကြေညာ၍ အပိုဒ် ၁ နှင့် ၂ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ အပိုဒ် ၃ နှင့် ၄အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ–**

**(က) ရက်ပေါင်း(၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။**

**(ခ) ရက်ပေါင်း(၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ အတည်ပြုချက် ရယူရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေကို ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်ကြေညာတဲ့အခါ ရက်ပေါင်းမည်မျှအတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်နဲ့ အချိန်ကာလ ဘယ်လောက်ကုန်ဆုံးရင် အာဏာတည်ခြင်းမှ ရပ်စဲကြောင်း ပြဋ္ဌာန်းဖို့ လိုအပ်သလို ယင်းပြဋ္ဌာန်းချက်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပါက အတည်ဖြစ်သလို ပြည်ထောင်စုလွှတ်တော်က သဘောမတူပါက အတည်မပြုတဲ့နေ့မှစပြီး အာဏာတည်ခြင်းမှ ရပ်စဲရမှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့ အရေးပေါ်အခြေအနေကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် အာဏာတည်ခြင်း၊ ကုန်ဆုံးခြင်း၊ ရပ်စဲခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**“၇။ အပိုဒ် ၆ အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက–**

**(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့် သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့် နေ့ရက်နှင့် အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလက စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ နယ်မြေဒေသ တစ်ခုခုတွင် ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်ဖြစ်စေ၊ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုများနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ဆုံးရှုံးတော့မယ့်အခြေအနေ၊ လွတ်လပ်ရေး ဆုံးရှုံးတော့မယ့် အခြေအနေမျိုးတွေ ရှိနိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတအနေနဲ့ အရေးပေါ် အခြေအနေ ကြေညာဖို့နဲ့ စပ်လျဉ်းပြီး–

**“၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေမည့်၊ သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်း တွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံး ဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမယ့် အခြေအနေကို ကာကွယ်နိုင်ဖို့ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာရာမှာ နိုင်ငံအတွက် မူလအခြေအနေကို ပြန်ရောက်စေဖို့ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေသင့်ပါတယ်။ ဒီလိုလွှဲအပ်ဆောင်ရွက်တဲ့နေ့ကစပြီး မူလက နိုင်ငံတော်အာဏာကို ခွဲဝေသုံးစွဲဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်များဟာ ရပ်စဲပြီးဖြစ်ပြီး ယင်းလုပ်ပိုင်ခွင့်နဲ့ တာဝန်များဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အလိုအလျောက် ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ သို့သော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ပေးတဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကို တာဝန်မှရပ်စဲခြင်းမပြုဘဲ ရှိမြဲအတိုင်း ရှိနေသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းနိုင်ပြီး ဥပဒေပြဋ္ဌာန်းရာမှာ ရှုပ်ထွေးမှုမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အာဏာ လွှဲအပ်ပေးတဲ့ ကာလအတွင်း လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသင့်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နိုင်ငံတော်သမ္မတအား နိုင်ငံတော်အာဏာကို ပြန်လည် လွှဲအပ်ရမှာဖြစ်ပါတယ်။ လွှဲအပ်ရာမှာ လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက သက်ဆိုင်ရာလွှတ်တော်က ဥပဒေပြုရေးလုပ်ငန်းများကို လွှတ်တော်သက်တမ်း ကုန်ဆုံးတဲ့အထိ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပြီး လွှတ်တော်သက်တမ်းကုန်ဆုံးပါက အဲဒီလွှတ်တော်တွေဟာ အလိုအလျောက် ပျက်ပြယ်မှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်စေရေးနဲ့စပ်လျဉ်းပြီး–

**“၉။ (က) အပိုဒ် ၈ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ် တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ ၎င်းကိုလွှဲအပ်ထားတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာ(၃)ရပ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ မိမိကိုယ်တိုင် ကျင့်သုံးခွင့်ရှိသလို မိမိကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်စေဖို့ သင့်လျော်မယ့် အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေဖို့ လိုအပ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရတဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့စပ်လျဉ်းပြီး–

**“၁၀။ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်း တစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို ပဲခူးတိုင်း သာယာဝတီမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးကြည်မြင့်က ဆက်လက်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ပဲခူးတိုင်း သာယာဝတီမြို့နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုချက်စာတမ်း၏ ကျန်ရှိသောအပိုင်းကို ဆက်လက်ဖတ်ကြား တင်ပြသွားပါ့မယ် ခင်ဗျား။

**ဖတ်ကြားတင်ပြ**

**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို သာယာဝတီမြို့နယ်မှ ဦးကြည်မြင့် ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)



**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးမှု မရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများကို အတိုင်းအတာတစ်ခုအထိ လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့် ရှိရမှာ ဖြစ်ပါတယ်။

သို့ပါ၍ အရေးပေါ်အခြေအနေ ကြေညာထားစဉ်ကာလအတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**“၁၁။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရေးပေါ် အခြေအနေ ကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ်ရာမှာ နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ပုံမှန်ကျင်းပချိန်ဖြစ်ရင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ပုံမှန်ကျင်းပချိန် မဟုတ်ပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူ၍ဖြစ်စေ တင်ပြသင့်ပါတယ်။ အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရေး ကိစ္စရှိပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူတင်ပြသင့်ပါတယ်။ ဒီလိုတင်ပြရာမှာ နိုင်ငံတော်အာဏာတစ်ရပ်လုံးကို လွှဲအပ်ဆောင်ရွက်တာဖြစ်လို့ သီးခြားအစီရင်ခံ တင်ပြသင့်ပါတယ်။

သို့ပါ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်စေတဲ့ကိစ္စကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊ အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**“၁၂။ နိုင်ငံတော်သမ္မတသည်–**

**(က) အပိုဒ် ၈ နှင့် ၉ အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံ တင်ပြရမည်။**

**(ခ) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ် အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံ တင်ပြရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ မိမိကိုပေးအပ်ထားတဲ့ တာဝန်တွေ ပြီးမြောက်ပါက နိုင်ငံတော်သမ္မတထံ အစီရင်ခံရမှာဖြစ်ပြီး နိုင်ငံတော်သမ္မတက မိမိထုတ်ပြန်ခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေတဲ့ အမိန့်ကို ပယ်ဖျက်ရမှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေတဲ့အမိန့်ကို ပယ်ဖျက်ခြင်းနဲ့ စပ်လျဉ်းပြီး–

**“၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီရင်ခံ တင်ပြပြီးသည့်နေ့မှစ၍ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက် လက်ခံရရှိသည့် နေ့မှစ၍ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်”**

လို့အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လွှတ်တော်များဖွဲ့စည်းခြင်းမပြုမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ကျင့်သုံးဆောင်ရွက်သည်

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ ပေးအပ်ထားတဲ့ တာဝန်များ ဆောင်ရွက်ပြီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြလာပါက နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနဲ့ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းအား ပယ်ဖျက်ပြီး မူလတာဝန်ဖြစ်တဲ့ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်စေသင့်ပါတယ်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ သက်ဆိုင်ရာလွှတ်တော်များရဲ့ သဘောတူညီချက်နဲ့ ခန့်အပ်တာဝန်ပေးထားတဲ့ အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား တာဝန်မှရပ်စဲထားပြီးဖြစ်၍ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြန်လည်ဖွဲ့စည်းပေးရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြန်လည်ဖွဲ့စည်းပေးရေးနဲ့ စပ်လျဉ်းပြီး–

> **“၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃ အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ အစီရင်ခံစာကိုရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာသုံးရပ်ကို ကျင့်သုံးရာမှာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ပါတယ်။ ၎င်းတို့ဟာ လွှတ်တော်သက်တမ်းများ ကုန်ဆုံးသော်လည်း သမ္မတအသစ်၊ ဒုတိယသမ္မတအသစ်များ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အသစ်နဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအသစ်များ ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိ နေသင့်ပါတယ်။ သို့ပါ၍–

> **“၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ် တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအသစ် တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ထားတဲ့ တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် သတ်မှတ်အချိန်ကာလကို တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြချက်နဲ့ တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ခွင့်ပြုပေးသင့်ပါတယ်။ သို့ပါ၍–

> **“၁၆။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဟာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပေးအပ်ထားတဲ့တာဝန်များ ပြီးဆုံးအောင် ဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာတင်ပြလာပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့တဲ့အမိန့်ကို ပယ်ဖျက်သင့်ပါတယ်။ သို့ပါ၍–

> **“၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ် ၈နှင့် ၉အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားတဲ့အမိန့်ကို ပယ်ဖျက်ပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပပြီး နိုင်ငံတော်သမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတအသစ် ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးသည့်ကြားကာလတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်သင့်ပါတယ်။ သို့မှသာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍–

> **“၁၈။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်–**
>
> **(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များဖွဲ့စည်းခြင်း မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်၊**
>
> **(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့် အချိန်အထိ နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက် ခွင့်ရှိသည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက်သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ် ကျင့်သုံး ဆောင်ရွက်စေနိုင်သည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဟာ နိုင်ငံတော်အာဏာကို ကျင့်သုံးရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာအရည်အချင်းများနှင့် ညီညွတ်သင့်လျော်တဲ့ ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းတာဝန်ပေးသင့်ပါတယ်။ သို့ပါ၍–

> **“၁၉။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ အရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းနိုင်ဖို့အတွက် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ရမှာဖြစ်ပါတယ်။ သို့ပါ၍ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက သင့်လျော်မယ့်အချိန်တစ်ခု သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ သို့ပါ၍–

> **“၂၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇ အရ အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အပိုဒ် ၁၉ အရ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများရဲ့ ကာလ၊ တာဝန်များကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။ သို့ပါ၍–

> **“၂၁။ အပိုဒ် ၁၉ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး နိုင်ငံတော်အာဏာများကို ယာယီကျင့်သုံးနေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲဟာ နိုင်ငံတော်သမ္မတဖြစ်တဲ့အတွက် နိုင်ငံတော်အာဏာကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါ နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးခြင်းသာ ဖြစ်သင့်ပါတယ်။ သို့ပါ၍–

> **“၂၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ် အခြေအနေ ထုတ်ပြန်ထားတဲ့ ကာလအတွက် လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို မူလအနေအထားရောက်အောင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်အာဏာကျင့်သုံးနေတဲ့ ကာလအတွက်ဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေတဲ့ကာလအတွက်ဖြစ်စေ၊ တာဝန်ယူဆောင်ရွက်ကြတဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဝင်များ၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းဝင်များနဲ့ စစ်ဘက်၊ နယ်ဘက် ဝန်ထမ်းများရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ချက်များကို တရားဝင် အတည်ဖြစ်စေသင့်ပါတယ်။ သို့ပါ၍–

> **“၂၃။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင်ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင်ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့် မရှိစေရ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၂၃)ချက်ကို အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ ကိုယ်စားလှယ်များအားလုံးက တညီတညွတ်တည်း သဘောတူညီကြပါသဖြင့် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်နိုင်ရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။



မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အမှတ် ၆၈ လိပ်ကန်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နေ မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်ပြုံးတို့အားရည်စူး၍ ဦးလှရွှေနှင့် မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် အရှင်ရေဝတ (စာချ–နာယက)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

## ပြည်ကျိုးပြည့်လျှံ အမျိုးသားညီလာခံ

* ပြာလဲ့ကြည်လင်
တိမ်ညိုစင်သည့်၊ ကောင်းကင်မိုးဝ
သာသည့်လကား၊ ကြယ်များဝန်းခ
ရွှန်းပပြည့်ဖြိုး၊ ကျက်သရေတိုးသည်
ပြစ်မျိုးမှဲ့မထင် ချေပါတကား…။

* ပြာလဲ့ကြည်လင်
တိမ်ညိုစင်သည့်၊ ကောင်းကင်ကြီးသည်
တည်ငြိမ်အေးမြ၊ ငြိမ်းချမ်းစွသား
ချမ်းချမ်းမြမြ၊ သာယာလှသည့်
မြန်မာ့ဘဝ အခြေအနေ။

* လဝန်းသော်တာ
ငွေစန္ဒာကား၊ အခြေခံဥပဒေ
အမြုတေတည်ထား၊ စွမ်းအားပြည့်ဖြိုး
ပြည်ကျိုးပြည့်လျှံ အမျိုးသားညီလာခံ။

* ခြိုရံဝန်းခ၊ ကြယ်စင်လှများ
တိုင်းရင်းသား ညီနောင်၊ ပြည်ထောင်စုဖွား
ပမာထားကာ၊ ကဗျာပန်းချီ
ဖွဲ့သီခြယ်မှုန်း၊ ရှုမဆုံးသည်
ဘယ်ပန်းချီရေးလို့ မမီနိုင်။

* “ပြည်ထောင်စုအဖို့၊ အကျိုးများရည်ကာသန်
ညီနောင်ထုတို့၊ အမျိုးသားညီလာခံ”
ဧကန်အောင်ရေး၊ အလှမ်းမဝေးပြီ
သွေးစည်းညီလျက်၊ လက်ချင်းယှက်ကာ
အဖျက်ရန်မြူညစ်၊ မကျန်ရစ်အောင်
တိုက်ဖျက်ပစ်မည်၊ စစ်မှန်မျိုးချစ်စိတ်နှင့်တည်း။ ။

**(အမျိုးသားညီလာခံကြီးကို ဂုဏ်ပြုလျက်–)**

**အောင်မွန်အေး(လယ်ဝေး)**

## အလှမွေးငါး လုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၇**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အလှမွေးငါးလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၉နာရီက အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက အလှမွေးငါး လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရသည့်အခြေအနေကို ရှင်းလင်းပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက သင်းဖွဲ့စည်းမျဉ်းအရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အလှမွေးငါးလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အလုပ်အမှုဆောင်အဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးလိုကင်ဆိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှမွေးငါးလုပ်ငန်းရှင်များအသင်းအတွက် ရန်ပုံငွေများ ပေးအပ်လှူဒါန်းကြရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက လက်ခံကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၇

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံ GAIL ( India ) Limited နှင့် စင်ကာပူနိုင်ငံ Silver Wave Energy တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-7၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract ) လက်မှတ်ရေးထိုးချုပ်ဆိုပွဲကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ ရှိုင်ရယ်ကုမ္ပဏီဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပသည်။**

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ Republic of Kalmykia နိုင်ငံ (ရုရှားဖက်ဒရေးရှင်း) စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chedyrov Boris နှင့် Minister of Special Affairs H.E. Mr. Tatarkhan R. Kubanov၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ GAIL ( India ) Ltd, Executive Director Mr. R. D. Goyal ၊ Silver Wave Energy ဥက္ကဋ္ဌ ဦးမင်းမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး GAIL ( India ) Ltd, Advisor, Mr. Mak Patel နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ GAIL ( India ) Ltd, Executive Director Mr. R. D. Goyal Silver Wave Energy ဥက္ကဋ္ဌ ဦးမင်းမင်းအောင်နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ GAIL( India) Ltd, Advisor Mr. Mak Patel နှင့် Silver Wave Trading Ltd. ဒါရိုက်တာ ဦးဘိုဘိုအောင်တို့က စာချုပ်များကို လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။

**လက်ခံရယူ**

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင် ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်တို့ကို ပေးအပ်ရာ Silver Wave Energy ဥက္ကဋ္ဌ ဦးမင်းမင်းအောင်က လက်ခံရယူသည်။

အဆိုပါ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် A-7 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံ GAIL (India) Limited နှင့် စင်ကာပူနိုင်ငံ Silver Wave Energy တို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲတွင် တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

**(စွမ်းအင်)**

# ကျန်းမာရေးအသိပညာပေးဟောပြော၊ အားကစားသရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၊ အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲ၏ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အားကစား လှုပ်ရှားမှုသရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ နိုင်ငံဝန်ထမ်းများနှင့်အသိပညာရှင်၊ အတတ်ပညာရှင်ဒေါက်တာကြည်ကြည်အောင်၊ မန္တလေးတိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်စိုးဝတ်ရည်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးငယ်/ရွယ်လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်၊ လုပ်ငန်းအဖွဲ့ခွဲ (၄)ဖွဲ့မှ အဖွဲ့ဝင်များ၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်းနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။

**သရုပ်ပြ**

ရှေးဦးစွာ အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာမော်လီချစ်က ကျန်းမာရေး အသိပညာပေးဟောပြောပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်တို့မှ အားကစားသမားများက အားကစားလှုပ်ရှားမှု သရုပ်ပြသကြသည်။

ထို့နောက် အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ခရမ်းမြို့နယ် အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့ရှိ ခရမ်းမြို့သူ မြို့သားများ၏ သားသမီးများမှ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် ဂုဏ်ထူးတစ်ဘာသာနှင့်အထက် ရရှိသူ ကျောင်းသား၊ကျောင်းသူများသည် အောင်စာရင်းမိတ္တူနှင့်တကွ လူကိုယ်တိုင်လာရောက်၍ အသင်းရုံးတည်ရှိရာ တိုက်အမှတ် ၁၄ (အေ-ဘီ)အခန်း အမှတ် ၀၀၁ မြေညီထပ် ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ဖုန်း-၅၄၉၃၃၉ နှင့် ၇၀၈၈၁၇ တို့သို့ ဒီဇင်ဘာ ၂၃ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၈-၁၂-၂၀၀၆ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရုက္ခဗေဒ အထူးပြု) [ရုက္ခဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
၁၇:၅၀ ၉။ မြန်မာမှုပန်းဆယ်မျိုး
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၄)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေးပထမချစ်ပုံပြင်"** (အပိုင်း-၂၄)

# မုန်တိုင်းငယ် မြိတ်အနောက်ဘက်ပင်လယ်ပြင်ဗဟိုပြု

ရန်ကုန် ဒီဇင်ဘာ ၇

**ယမန်နေ့က ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မြိတ်မြို့၏ အနောက်တောင်ဘက်မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် သိသိသာသာ အားကောင်းလာခြင်းမရှိဘဲ အနောက်မြောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။**

**အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် တနင်္သာရီတိုင်း၌ နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီမိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။**

(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲ၏ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲကို ဒဂုံမြို့နယ် အထက(၂)၌ ကျင်းပစဉ်။** (သတင်းစဉ်)



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၂၄ရက်က (၃၄) ရပ်ကွက် စက်မှုဇုန်အား မြို့နယ်မီးသတ်၊ မြို့နယ်လျှပ်စစ်၊ စည်ပင်သာယာအဖွဲ့ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးစဉ်။** (က-ပ)

# NLD ပါတီအပေါ် စိတ်မဝင်စား၊ အယုံအကြည်မရှိ ဗန်းမောက်မြို့နယ် NLD ပါတီဝင်ခြောက်ဦးနုတ်ထွက်

**ရန်ကုန် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော နောင်မဲလုံကျေးရွာမှ ဦးကျော်ကျော်၊ အလယ်တန်းကျေးရွာမှ ဦးကျော်ဌေး၊ ဦးကျော်အောင်၊ ဦးဝင်းမြင့်၊ ဦးကျော်ဝင်းလေးနှင့် ဦးဝင်းမောင်တို့ခြောက်ဦးသည် အောက်တိုဘာ ၁၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့်လုပ်ရပ်များကိုသာ ရှေးရှုလုပ်ဆောင်နေကြောင်း၊ NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ အယုံအကြည်မရှိတော့၍ ၎င်းတို့၏ သဘောဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပန်းတျာ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ဒညင်းကုန်းဘူတာအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဒညင်းကုန်း ကုန်စိမ်းဈေးများသို့သွားရောက်ပြီး ဈေးများအတွင်း ရောင်းချလျက်ရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေးအထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များ၏ ကြက်ဥ၊ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ရေချို၊ ရေငန်ငါးမျိုးစုံ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း၏ ကြက်သွန်နီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

## မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများတွင် ရောင်းချသည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြည်သူများက ယခင်ကထက် ပိုမိုအားထား ဝယ်ယူစားသုံးလာကြသဖြင့် ပြင်ပဈေးထက် ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချကြရန်၊အလေးချိန်ခွင် မှန်ကန်စေရေး၊ ကုန်ပစ္စည်းများ ပြည်သူလူထုလက်အတွင်း အပြည့်အဝ ရောင်းချရေးတို့အတွက် ကြပ်မတ်စစ်ဆေးရန်၊ ဒညင်းကုန်း ကုန်စိမ်းဈေးအား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် အရိပ်ရပင်များ စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်က အဖွင့်အမှာစကား ပြောကြားရာ၌ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

## ပထမဆုံးအကြိမ်

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် လွတ်လပ်ရေးနေ့ အခမ်းအနားဖြစ်၍ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးကိစ္စများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ သဝဏ်လွှာဖတ်ကြားရေးကိစ္စများအပါအဝင် ဆပ်ကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းများကို လစ်ဟာမှုမရှိဘဲ ဆောင်ရွက်နိုင်ရေးအတွက် ပိုင်းဝန်းဆွေးနွေး အကြံပြုသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိ (ပထမတန်း) (စစ်ရေး) ဒုတိယဗိုလ်မှူးကြီးရဲညွန့်က နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေးစီမံချက်၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားမှုနှင့်လုပ်ငန်းအဖွဲ့များ၏ တာဝန်များကို ရှင်းလင်းတင်ပြသည်။

## အကြံပြုဆွေးနွေး

ဆက်လက်၍ အခမ်းအနား မွမ်းမံပြင်ဆင်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးသန်းရှိန်၊ စစ်ရေးပြအခမ်းအနား စီစဉ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ပျဉ်းမနားတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးနိုင်အောင်၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးထက်၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ညှော်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းရှိန်နှင့် လုံခြုံရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်သန်းတို့က လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ( ၅၉ ) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

● *ကျောဖုံးမှ*

ယနေ့သိပ္ပံပညာရှင်များသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်သုံး၍ ကုန်းတွင်းပိုင်းသာမက ရေအောက်ကြမ်းပြင်ကိုပါ ထိုးဖောက်၍ ရှာဖွေခဲ့ကြသည်။ သို့ရာတွင် ထုတ်လုပ်မှုနှင့် သုံးစွဲမှုပမာဏ မမျှတမှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။

## ထုတ်ယူသုံးစွဲ

ဤရေနံဈေးနှုန်းကြီးမြင့်မှုကြောင့် ကမ္ဘာ့ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရေနံနှင့် သဘာဝဓာတ်ငွေ့စွမ်းအင်အပြင် ကျောက်မီးသွေးစွမ်းအင်၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ရေအားလျှပ်စစ်စွမ်းအင်တို့ကို ရှာဖွေထုတ်ယူသုံးစွဲလာကြသည်။ ထို့အပြင် မကြာသေးသည့်နှစ်များက အဆိုပါ စွမ်းအင်များအပြင် ဇီဝလောင်စာဆီဖြစ်သည့်ဘိုင်အိုဒီဇယ်ကိုလည်း ထုတ်ယူသုံးစွဲနေကြပြီဖြစ်သည်။

ဘိုင်အိုဒီဇယ်ဆိုသည်မှာ ဒီဇယ်အင်ဂျင်များ မောင်းနှင်လည်ပတ်နိုင်ရန်အတွက် အပင်ကိုအခြေခံလျက် ထုတ်ယူထားသော လောင်စာဆီတစ်မျိုးဖြစ်သည်။

အဆိုပါ ဘိုင်အိုဒီဇယ်နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရန် မြန်မာ့အလင်း သတင်းအဖွဲ့က ပြည်ပမှ ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် စက်များ တင်သွင်းဖြန့်ချိရောင်းချမည့် Joint Com Educational Centre ရှိရာ ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ် ၇၅ အဆောက်သို့ သွားရောက်ခဲ့သည်။

ယင်းဘိုင်အိုဒီဇယ် ထုတ်လုပ်ရေးစက်အရောင်းပြခန်းသို့ ရောက်သည်ဆိုလျှင်ပင် ယင်းပြခန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးသိန်းလွင်နှင့် ဦးစွာတွေ့သည်။

## ရှင်းလင်းပြသ

ဦးသိန်းလွင်က ဘိုင်အိုဒီဇယ်ထုတ်လုပ်ရာတွင် ပါဝင်သော ဓာတုဆေးဝါးများနှင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေး စက်များအကြောင်းကို ရှင်းလင်းပြသသည်။

သစ်ပင်များကိုအခြေခံ၍ အသီးမှဖြစ်စေ၊ အစေ့မှဖြစ်စေ၊ ပင်စည်မှဖြစ်စေ၊ အရွက်မှဖြစ်စေ၊ အခေါက်မှဖြစ်စေ ထုတ်ယူရရှိသောဆီကို မက်သနော၊ ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်ကဲ့သို့သော ဓာတုဗေဒပစ္စည်းများ အချိုးကျရောစပ်ကာ ခေတ်မီစက်များဖြင့် ထုတ်လုပ်လိုက်သည့် ဘိုင်အိုဒီဇယ်သာလျှင် ဒီဇယ်အင်ဂျင်များ မောင်းနှင်လည်ပတ်ရန်အတွက် အသုံးပြုရန် သင့်တော်ကြောင်း ဦးသိန်းလွင်က ရှင်းလင်းပြောကြားသည်။

## မောင်းနှင်နိုင်

အဆိုပါ ဓာတုပစ္စည်းများဖြင့် ရောစပ်ထုတ်လုပ်ထားသော ဘိုင်အိုဒီဇယ် ၂၀ ရာခိုင်နှုန်းနှင့် ပုံမှန် ဒီဇယ် ၈၀ ရာခိုင်နှုန်းတို့ကို ရောစပ်၍ မော်တော်ကားကဲ့သို့သော ဒီဇယ်အင်ဂျင်များတွင် အသုံးပြုမောင်းနှင်နိုင်ကြောင်း ဦးသိန်းလွင်က ဆက်လက်ရှင်းပြသည်။

ထိုသို့ ဘိုင်အိုဒီဇယ်ကို ထုတ်ယူသုံးစွဲမည်ဆိုပါက နိုင်ငံတကာသုံးစနစ်နှစ်မျိုးရှိကြောင်း၊ ယင်းတို့မှာ အမေရိကန်မှ ASTM International စနစ်နှင့် ဘယ်လ်ဂျီယံမှ CEN စနစ်ဟူ၍ ရှိကြောင်း၊ ယင်းစနစ်နှစ်ခုမှ တစ်ခုခုကို သုံးသင့်ကြောင်း၊ ASTM International စနစ်ကို သုံးမည်ဆိုပါက e-mail:Service @ astm.org ဖြစ်ပြီး ဝက်ဘ်ဆိုက်မှာ www. astm. org ဖြစ်ကြောင်း၊ CEN စနစ်ကို သုံးမည်ဆိုပါက e-mail:in fodesk @ cenorm.be ဖြစ်ပြီး ဝက်ဘ်ဆိုက်မှ www. cenorm.be/cenorm. index. htm ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

## လေ့လာနိုင်

ထိုစနစ်နှစ်မျိုးထဲမှ မိမိနှစ်သက်ရာစနစ်ကို အင်တာနက်တွင် တိုက်ရိုက်ထည့်ပြီး ဘိုင်အိုဒီဇယ်နှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို လေ့လာနိုင်ကြောင်း သိရသည်။

ဤသို့ဘိုင်အိုဒီဇယ်ကို နည်းစနစ်မှန်ကန်စွာ ထုတ်ယူသုံးစွဲမည်ဆိုပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ ငွေကြေးကုန်ကျမှုကို သက်သာစေခြင်းနှင့် အင်ဂျင်လည်ပတ်မှုကို ကောင်းမွန်စေခြင်းစသော အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ဘိုင်အိုဒီဇယ်ကို ထုတ်ယူသုံးစွဲခြင်းဖြင့် အကျိုးရလဒ်ကောင်းများရရှိမည်ဖြစ်သော်လည်း ထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် စနစ်တကျ အကာအကွယ်များဝတ်ဆင်၍ ထုတ်လုပ်သင့်ကြောင်း၊ သို့မဟုတ်လျှင် မက်သနောနှင့် ဆိုဒီယမ်ဟိုက်ဒရောဆိုဒ်များသည် လူကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရသည်။ အဆိုပါဘိုင်အိုဒီဇယ်ထုတ် စက်များတွင် တစ်ရက် ဂါလန် ၄၀ ထုတ်နိုင်သောစက်၊ ဂါလန် ၈၀ ကျော် ထုတ်နိုင်သောစက်၊ ဂါလန် ၅၀၀၊ ဂါလန် ၇၅၀ ထုတ်ယူနိုင်သောစက်ဟူ၍ အမျိုးမျိုးရှိကြောင်း သိရသည်။

လောလောဆယ်တွင် တစ်ရက် ဂါလန် ၄၀ ထုတ်ယူနိုင်သော စက်ကို စင်ကာပူနိုင်ငံမှ တင်သွင်း၍ Joint Com အရောင်းပြခန်း၌ပြသထားသည်။

## ဝယ်ယူနိုင်

ယင်းဘိုင်အို ဒီဇယ်ထုတ်လုပ်ရေးစက်တွင် တပ်ဆင်အသုံးပြုသော အချို့သောပစ္စည်းများမှာ ပြည်တွင်း၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ ယနေ့ ကမ္ဘာ့အရပ်ရပ်တွင် စွမ်းအင်အရင်းအမြစ်သစ်များ ရှာဖွေအသုံးပြုနေချိန်တွင် ဘိုင်အိုဒီဇယ်ကို နည်းစနစ်မှန်ကန်စွာ ထုတ်ယူသုံးစွဲရေးကိစ္စမှာ အရေးကြီးလာသည်။

မကြာတော့သည့် အနာဂတ်ကာလတွင် ဘိုင်အိုဒီဇယ်ကို ထုတ်ယူသုံးစွဲမှုများ ပို၍ပို၍ များလာတော့မည်ဖြစ်သည်။ ထိုအချိန်တွင် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များအနေဖြင့် ထိုကဲ့သို့သော ခေတ်မီစက်များ ဝယ်ယူအသုံးပြုခြင်းဖြင့် သုံးစွဲသူများရော၊ ရင်းနှီးမြှုပ်နှံလိုသူများအတွက်ပါ အမှန်တကယ်အကျိုးဖြစ်ထွန်းလာမည်ဖြစ်၍ ဘိုင်အိုဒီဇယ် ထုတ်လုပ်မှုလုပ်ငန်းမှာ စွမ်းအင်အရင်းအမြစ်သစ်များ ရှာဖွေသုံးစွဲရာတွင် အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်လာတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေး စက်နှင့်ပတ်သက်၍ ဦးသိန်းလွင်က ဤသို့သရုပ်ပြသရှင်းလင်းခဲ့သည်။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

**ဘိုင်အိုဒီဇယ်ထုတ်လုပ်ရေးစက်တွင် အသုံးပြုသည့် စက်ပစ္စည်း အစိတ်အပိုင်းများကို ဤသို့တွေ့ရသည်။**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)






# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား လာအို ဒုတိယနိုင်ငံခြားရေးဝန်ကြီး နေပြည်တော်၌တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ဧည့်သည်အဖြစ် ရောက်ရှိနေသော လာအိုနိုင်ငံပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်၊ ဘိုဖာနှင့် အဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၁နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ရုံးခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

**အမြင်ချင်းဖလှယ်**

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံမှုနှင့် နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ရေးအတွက် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ–လာအိုဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့စည်းဝေး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်၊ ဘိုဖာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆဋ္ဌမအကြိမ်မြောက် မြန်မာ–လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေး တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

လာအိုကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ သံရုံး ယာယီတာဝန်ခံ မစ္စတာ ကော့ဗ်ကီယို၊ လောင်ကွပ်နှင့် သံရုံးဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆို**

အဆိုပါ လာအိုကိုယ်စားလှယ် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဒီဇင်ဘာ ၃ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရောက်ရှိလာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ကော့ဗ်ကီယို၊ လောင်ကွပ်နှင့် သံရုံးဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

အဆိုပါ လာအိုကိုယ်စားလှယ် အဖွဲ့သည် ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ တော်ဝင်ကုမုဒြာဟိုတယ်၌ မြန်မာ–လာအို ဗဟိုအဆင့် နယ်စပ်အာဏာပိုင်အဖွဲ့၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကို စတင်ကျင်းပရာ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဦးဆောင်၍ ဌာနဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ပြီး လာအိုဘက်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်၊ ဘိုဖာ ဦးဆောင်သည့် အဆင့်မြင့် လာအိုကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး ဖွင့်ပွဲအပြီးတွင် နှစ်ဖက်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆက်လက်၍ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် အစည်းအဝေးပိတ်ပွဲကို ကျင်းပရာ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အစည်းအဝေး သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် လာအိုကိုယ်စားလှယ်အဖွဲ့ဝင်များအား ညပိုင်းတွင် နေပြည်တော်ရှိ တော်ဝင်ကုမုဒြာဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်၊ဘိုဖာနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်သို့လည်းကောင်း သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမင်းသိန်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၈**

ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် မော်စကိုမြို့၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မွန်တီနီဂရိုးသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မွန်တီနီဂရိုးသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၇ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။ **(သတင်းစဉ်)**

# The Live News ဂျာနယ် အမှတ် ( ၁၄ ) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ကမ္ဘာ့တတိယအကြီးဆုံး(RCC Dam)ရဲရွာရေအား လျှပ်စစ်စီမံကိန်းကြီးအား နိုင်ငံအသီးသီးမှ ပညာရှင်များ လာရောက်လေ့လာ၊ နေ့စဉ် တန် ၁၀၀၀ ထွက်နေသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး သဘာဝပိုဖိုလန်စက်ရုံ၊ ရှားပါးတင့်ဆန်းတမလန်း၊ ကြော်ငြာလောကနှင့် Animation၊ ရုပ်ပြတိုက်ဖွန်း"ဒူးရင်းသီး"ကြောင့် ဖိလစ်ပိုင်တွင် လူ၂၀၀ကျော်သေ၊ ၂၆၀ ကျော်ပျောက်ဆုံး၊ ထိုင်းအစိုးရက စစ်အုပ်ချုပ်ရေးကို လျှော့ပေါ့ပေးမည်၊ အမေရိကန်–အီရတ် ထိပ်သီးဆွေးနွေးပွဲ၊ ရုရှားများအတွက် ပြည်သူ့ဖော့ဒ်ကာလာမည်၊ ဒေါက်တာမတင်ဝင်း၏ သမိုင်းလည်ပြန်၊ ဒိုင်းနေအောင်၏ လက်ဘန္ဓန်မှ သင်ခန်းစာများ၊ လေ့လာသူတစ်ဦး၏ တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် စိုးရိမ်မကင်းဖြစ်လာသော အမေရိကန်နိုင်ငံ၊ ကိုကိုလှိုင်၏ သမ္မတဘုရှ်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မဟာအမှားကြီး ငါးချက်၊ မောင်ဆုရှင်၏ စပီရှုလိုင်းနားနှင့် တွေ့ဆုံခြင်း၊ ကိုရီးယား ရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်းဆောင်းပါး၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အပြင် ရွှေပြည်စိုး စာပေတိုက်မှ မကြာမီ ထုတ်ဝေဖြန့်ချိမည့် နွယ်သာကီ မဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း(မြေညီထပ်) အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း– ၂၂၈၈၈၂၊ ၂၂၈၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန် ထရန်စဖော်မာကုမ္ပဏီမှ ထုတ်လုပ်သော ထရန်စဖော်မာလေးလုံး ဩစတေးလျနိုင်ငံ ပါ့သ်မြို့သို့ တင်ပို့

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၌ ဒီဇင်ဘာ၆ရက် နံနက်ပိုင်းက ရန်ကုန်ထရန်စဖော်မာကုမ္ပဏီမှ တပ်ဆင်ထုတ်လုပ်သော ထရန်စဖော်မာများကို ဩစတေးလျနိုင်ငံ ပါ့သ်မြို့ အခြေစိုက် Timestar Holding Pty Ltd. နှင့် စာချုပ်ချုပ်ဆိုထားသည့်အတိုင်း ထရန်စဖော်မာကိုးလုံးအနက် ယခုနောက်ဆုံးအကြိမ် ထရန်စဖော်မာလေးလုံးတင်ပို့ခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန် ထရန်စဖော်မာကုမ္ပဏီ ဒါရိုက်တာ ဦးသန့်ဇင်အောင်က စက်ရုံကို ၁၉၉၉ခုနှစ်တွင် ရွှေပြည်သာစက်မှုဇုန်၌ စတင်တည်ထောင်ခဲ့ပြီး အဆင့်မြင့်ကုန်ကြမ်းများကို ပြည်ပမှ တင်သွင်း၍ ထရန်စဖော်မာများ စတင် ထုတ်လုပ်ခဲ့ကြောင်း၊ တစ်ရက်လျှင် ထရန်စဖော်မာနှစ်လုံးမှ ငါးလုံးအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်တွင် ISO (9001 : 2000) လက်မှတ်ရရှိခဲ့ပြီး ၂၀၀၅ခုနှစ်တွင် စက်ရုံထုတ် ထရန်စဖော်မာ သုံးလုံးကို ဩစတေးလျနိုင်ငံသို့ စတင် တင်ပို့ခဲ့ကြောင်း၊ယခု ဩစတေးလျနိုင်ငံ ပါ့သ်မြို့ အခြေစိုက် Timestar Holding Pty Ltd. နှင့် စာချုပ်ချုပ်ဆိုခဲ့သည့်အတိုင်း နောက်ဆုံးအကြိမ်အဖြစ် 500KVA, 750 KVA, 1000KVA နှင့် 1500KVA ပေါင်း လေးလုံးတင်ပို့ခြင်းဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် အတွက် လုပ်ငန်းစာချုပ်များကိုလည်း ချုပ်ဆိုနိုင်ခဲ့ပြီး ဆက်လက်ချုပ်ဆိုရန် အစီအစဉ်များ ရှိကြောင်း၊ ပြည်တွင်းတွင် လိုအပ်သော ထရန်စဖော်မာများကိုလည်း အရည်အသွေးမြင့်မားပြီး အသင့်တော်ဆုံး ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ယခုလက်ရှိ 66, 33, 11KV၊ 50 KVA မှ 30000 KVA (30MVA) အထိ ထုတ်လုပ်လျက်ရှိပြီး လာမည့်နှစ်တွင် 230 KV, 100 KVA Power Transformer များ ဆက်လက်ထုတ်လုပ်ရန် အစီအစဉ်ရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

**ဆက်သွယ်နိုင်**

ထရန်စဖော်မာများ ဆက်သွယ်မှာကြားလိုပါက အောင်သောင်းကုမ္ပဏီ အမှတ် ၄၉/၅၁ ဗဟိုလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၅၁၁၇၆၅၊ ၅၀၅၀၅၁၊ ၅၀၀၇၀၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဩစတြေးလျနိုင်ငံသို့ ဗိုလ်တထောင် ဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့မည့် ရန်ကုန် ထရန် စဖော်မာ ကုမ္ပဏီမှ ထရန် စဖော်မာများအား Container များအတွင်း ထည့်သွင်း နေသည်ကို တွေ့ရစဉ်။**

(သတင်းစဉ်)

# အင်တာနက် သတင်းနှင့် ဓာတ်ပုံ

# သွားဖုံးရောဂါကုစားပေးသည့် ပလတ်စတစ်ဆေးပြား သိပ္ပံပညာရှင်များ တီထွင်



**နယူးဂျာဆီ ပြည်နယ် တက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များက သွားဖုံးရောဂါကို ကုစားကာ သွားများ မကျိုး မပဲ့စေရန် ကာကွယ်ပေးနိုင်သည့် ပလတ်စတစ် ဆေးပြားငယ်ကိုတီထွင်လိုက်သည်။**

**ထိုပလတ်စတစ်ဆေးပြားကို ယိုင်နဲ့နေသော သွားများနှင့် ရောဂါဖြစ်နေသည့် သွားဖုံးအကြားတွင် ထားရှိခြင်းဖြင့် သွေးယိုစီးမှုနှင့် နာကျင်အကိုက်အခဲ သက်သာစေသည့် ဆေးဝါးကို ထုတ်ပေးပြီး သွားကြားရှိ ဘက်တီးရီးယားရောဂါပိုးများကို တိုက်ဖျက်ပေးသည်ဆို၏။**

**ပလတ်စတစ်ဆေးပြားသည် ပျက်စီးသွားသော သွားဖုံးနှင့် အရိုးကို ကုသပေးရုံမျှမက ပြန်ကောင်းအောင် အားဖြည့်ပေးသည်။ အမေရိကန် သိပ္ပံပညာရှင်များက တိရစ္ဆာန်များတွင် အောင်မြင်စွာ စမ်းသပ်ပြီးဖြစ်သည်ဆို၏။**

(အင်တာနက်)

# ကမ္ဘာတစ်လွှား အားကစား

## ဗီဒစ်၊ ရိုင်ယန်ဂစ်နှင့် ဆာဟာတို့၏ ခေါင်းတိုက်ဂိုးများ မန်ယူတို့ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲမှ ကျော်လွှား

**စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ**

**လန်ဒန် ဒီဇင်ဘာ ၇**

ချန်ပီယံလိဂ် ပွဲစဉ် (၆) အုပ်စု နောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၇ရက်က ဆက်လက်ကစားရာ မန်ယူက ဘင်ဖီကာကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ကစားပြီး အုပ်စု(စ)တွင် အုပ်စုဗိုလ်အဖြစ် ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီ ဖြစ်သလို အာဆင်နယ်က ပေါ်တိုနှင့် ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သော်လည်း အုပ်စု(ဆ)တွင် ဂိုးအရေအတွက် ကွာခြားမှုဖြင့် အုပ်စု ပထမရရှိကာ နောက်တစ်ဆင့် တက်သွားပြီ ဖြစ်သည်။

### မန်ယူနှင့် ဘင်ဖီကာ

သရေပွဲဖြစ်လျှင်ပင် နောက်တစ်ဆင့် တက်မည်ဖြစ်သော မန်ယူတို့ ဘင်ဖီကာကို လျှော့မတွက်ဘဲ လူစုံထုတ်ကာ ဖိဖိစီးစီး ကစားခဲ့သည်။ ရှေ့တန်းတွင်ရွှန်နေနှင့် ဆာဟာတိုက်စစ်အတွဲ၊ ကွင်းလယ်တွင် စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်၊ ပေါလ်စခိုးနှင့် မိုက်ကယ်ကာရစ်တို့ အုပ်စုဖြင့် အပြည့်ထုတ်သုံးကာ နောက်တန်းတွင် အီဗရာ၊ ဖာဒီနန်၊ နဗီးလ်နှင့် ဗီဒစ်တို့ကို အထိုင်ချ ကစားစေခဲ့သည်။

မန်ယူတို့ သေသေချာချာပြင်ဆင်ကစားခဲ့သော်လည်း ပွဲချိန် ၂၇မိနစ်တွင် ဘင်ဖီကာ နောက်ခံလူ နီလ်ဆင်က အဖွင့်ဂိုးသွင်းယူခြင်းခံခဲ့ရသည်။ အဖွင့်ဂိုး ပေးလိုက်ရသဖြင့် မန်ယူတို့ ကစားအားတင်ခဲ့ရာမှ ပွဲချိန် ၄၅မိနစ်တွင် နောက်တန်းလူဗီဒစ်က ခေါင်းတိုက်ဂိုးသွင်းပြီး ချေပနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် မန်ယူတို့ အနိုင်ဂိုးများရရှိရေး ဆက်တိုက် ဖိကစားခဲ့ရာ ဂိုးသွင်းခွင့် ၂၁ ကြိမ်ရရှိပြီး ရှစ်ကြိမ်အပိုင်ကန်သွင်းခွင့် ရရှိခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် စီရိုနယ်ဒို ညာတောင်ပံမှ မတင်ပေးလိုက်သောဘောလုံးကို ရိုင်ယန်ဂစ်က မန်ယူအတွက် ဒုတိယမြောက် ခေါင်းတိုက်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ဆာဟာက မန်ယူအတွက် တတိယမြောက် ခေါင်းတိုက်ဂိုးသွင်းယူခဲ့သဖြင့် မန်ယူတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး အုပ်စု (စ)တွင် ခြောက်ပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ၁၂မှတ်ရရှိကာ ချန်ပီယံလိဂ် နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သလို ဘင်ဖီကာတို့ ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။



**မန်ယူနှင့် ဘင်ဖီကာတို့ပွဲတွင် မန်ယူတိုက်စစ်မှူး ရွှန်နေ(ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ–အင်တာနက်)

### ပေါ်တိုနှင့် အာဆင်နယ်

အုပ်စု(ဆ)တွင် အာဆင်နယ်တို့ အဝေးကွင်းသရေပွဲဖြစ်ခဲ့သည်။ ပေါ်တိုနှင့် အာဆင်နယ်တို့ အုပ်စု (ဆ)တွင် မည်သည့်ရလဒ်ရရ နောက်တစ်ဆင့် တက်မည်ဖြစ်ရာ ယခုသရေပွဲဖြစ်ခဲ့၍ နှစ်သင်းစလုံး တစ်မှတ်စီခွဲယူကာ စုစုပေါင်း ၁၁ မှတ်စီဖြင့် အာဆင်နယ်ကသွင်းဂိုး ရှစ်ဂိုး၊ ပေးဂိုးလေးဂိုးဖြင့် အုပ်စု ပထမ၊ ပေါ်တိုကသွင်းဂိုး ရှစ်ဂိုး၊ ပေးဂိုးငါးဂိုးဖြင့် အုပ်စု ဒုတိယဖြင့် ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ခဲ့ကြခြင်းဖြစ်သည်။

### ဒိုင်နမိုကိယက်ဗ်နှင့် ရီးရဲမက်ဒရစ်

ကံကောင်းထောက်မစွာဖြင့် ရီးရဲမက်ဒရစ်တို့ ဂုဏ်သိက္ခာရှိစွာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ပွဲရလျှင်ပင် နောက်တစ်ဆင့် တက်ရန် မဖြစ်နိုင်သည့် ဒိုင်နမိုကိယက်ဗ်တို့ ရီးရဲမက်ဒရစ်ကို မလျှော့တမ်းကစားခဲ့ရာ ပွဲချိန် ၁၃ မိနစ်မှာပင် ဒိုင်နမိုကိယက်ဗ်တိုက်စစ်မှူး ရှုတ်စကစ် အဖွင့်ဂိုး သွင်းယူပြီး ၂၇ မိနစ်၌ ၎င်းကပင် ဒုတိယဂိုး ဆက်တိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်တို့၏ တိုက်စစ်မှူးများဖြစ်သည့် ရော်နယ်ဒို၊ ကက်ဆာနိုတို့က ဒိုင်နမိုကိယက်ဗ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားသော်လည်း ချေပဂိုးမသွင်းနိုင်ဘဲရှိနေရာမှ ပွဲချိန် ၈၆ မိနစ်တွင် ရော်နယ်ဒိုက ချေပဂိုး သွင်းပြီး ၈၈ မိနစ်၌ ၎င်းကပင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ချေပဂိုး ထပ်မံသွင်းယူခဲ့ခြင်း ဖြစ်သည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(င)တွင် လိုင်ယွန်နှင့် ရီးရဲမက်ဒရစ်၊ အုပ်စု(စ)တွင် မန်ယူနှင့် ဆဲလ်တစ်၊ အုပ်စု(ဆ)တွင် အာဆင်နယ်နှင့် ပေါ်တို၊ အုပ်စု(ဇ)တွင် အေစီမီလန်နှင့် လိုင်လီတို့ ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ခဲ့ပြီ ဖြစ်သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **လိုင်ယွန်** | **၁–၁** | **စတုအာ** |
| **ဟမ်းဘတ်** | **၃–၂** | **စီအက်စ်ကေအေ** |
| **ကိုပင်ဟေဂင်** | **၃–၁** | **ဆဲလ်တစ်** |
| **အေစီမီလန်** | **၀–၂** | **လိုင်လီ** |
| **အန်ဒါလက်ချ်** | **၂–၂** | **အေသင်။** |

**(အင်တာနက်)**

**ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒို ဒိုင်နမိုကိယက်ဗ် ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။**

(ဓာတ်ပုံ–အင်တာနက်)



# အာရှအားကစားပြိုင်ပွဲ တရုတ်တို့ ရွှေအများဆုံးဖြင့် ဦးဆောင်နေ

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

ဒိုဟာ ဒီဇင်ဘာ ၇

(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်က ဆက်လက်ကစားရာ အမျိုးသား ၁၀၅ **ကီလိုတန်း အလေးမပြိုင်ပွဲတွင် အီရန်မှ ဟိုစ်စိန်ရီဇာဇာဒတ်က ကီလို ၂၃၀ မ၍ အနိုင်ရရှိကာ ရွှေတံဆိပ်ရရှိခဲ့သည်။**

**တရုတ်လက်ဝှေ့သမားစီလာမူဟာနာတီ(ဝဲ)က အိန္ဒိယလက်ဝှေ့အကျော် ဒယ်ဘတ်ဆင်း၏ မျက်နှာသို့ ဤသို့ ဝဲလက်သီး ပစ်သွင်းလိုက်သည်။**

(ဓာတ်ပုံ–အင်တာနက်)



### ရွှေတံဆိပ်

ကာဇက်စတန်နိုင်ငံမှ ဗီယာချီဆီးယက်ယာရှော့ဗ်သည် အမျိုးသား အလေးမ ၈၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် စုစုပေါင်းအလေးချိန် ၃၇၇ ကီလို မတင်နိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် တရုတ်မှ လူယောင်က ငွေတံဆိပ်၊ တောင်ကိုရီးယားမှ ကင်ဆီယွန်ချောင်က တတိယဆု ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးအလေးမ ၇၅ ကီလိုတန်းတွင် တရုတ်နိုင်ငံမှ ကာအိုလိုင်က စုစုပေါင်း ၂၇၂ ကီလိုဂရမ်မပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**အမျိုးသား ၁၀၅ ကီလိုတန်း အလေးမပြိုင်ပွဲတွင် အီရန်မှ ဟိုစ်စိန်၏ ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ–အင်တာနက်)



### သေနတ်ပစ်

အမျိုးသား ၂၅ မီတာ ပစ္စတိုပစ်ပြိုင်ပွဲတွင် တရုတ်မှ လျူကျောင်ရှန်နှင့် ကျန်ပင်းဟွေတို့က ရွှေနှင့်ငွေတို့ရရှိခဲ့သည်။ လျူကျောင်ရှန်မှာ ၇၇၈ ဒသမ ၄ မှတ်ဖြင့် ပထမရွှေတံဆိပ်၊ ကျန်ပင်းဟွေမှာ ၇၇၈ ဒသမ ၁ မှတ်ဖြင့် ငွေတံဆိပ်၊ အိန္ဒိယမှ ဗီဂျေကူမာက ၇၇၅ ဒသမ ၃မှတ်ဖြင့်ကြေးတံဆိပ်ရရှိခဲ့ကြသည်။

### ရေကူး

အမျိုးသမီး မီတာ ၁၀၀ ပက်လက်ရေကူးပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ နာကာမူရာက ရွှေတံဆိပ်ဆွတ်ခူးရရှိ သွားသည်။ ၎င်းသည် မီတာ ၁၀၀ ပက်လက်ရေကူးပြိုင်ပွဲကို တစ်မိနစ် ၀ ဒသမ ၈၂ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ရှုဝမ်ဝေသည် မီတာ ၅၀ အမျိုးသမီး အလွတ်ရေကူး ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ ယင်းပြိုင်ပွဲတွင် သူမသည် စံချိန် ၂၅ဒသမ ၂၃စက္ကန့်ဖြင့် ပန်းဝင် ခဲ့ပြီး တရုတ်နိုင်ငံမှ ပန်ချိရာရင်က စံချိန် ၂၅ ဒသမ ၈၄ ဖြင့် ဒုတိယရပြီး ဂျပန်နိုင်ငံမှ ရာမာဒါက စံချိန် ၂၆ ဒသမ ၀၁ ဖြင့် ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ ပတ်တေဟွမ်းသည် မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး ယင်းမှာ ဒိုဟာပြိုင်ပွဲ၌ ရေကူးတွင် ဒုတိယမြောက် ရွှေဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခင်နေ့က မီတာ ၂၀၀ အလွတ်ကူးပြိုင်တွင်လည်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### လမ်းလျှောက်

အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် တရုတ်က ပထမ၊ တောင်ကိုရီးယားမှ ကင်ဟွမ်ဆပ်က ဒုတိယ၊ ဂျပန်မှ ကိုအိချိရိုမိုရီ အိုကာက တတိယရရှိခဲ့ကြသည်။

### ဘိလိယက်

အမျိုးသား ဘိလိယက်ထိုးပြိုင်ပွဲတွင် တရုတ်မှ တိန်ပင်ဖိုင်သည် ဟောင်ကောင်မှ ဒန်းဂျွန်ဟွေတို့က ပူးတွဲပထမ ဆွတ်ခူးရရှိခဲ့သည်။

(၁၅)ကြိမ်မြောက် ဒိုဟာအာရှ အားကစားပြိုင်ပွဲ ၆ရက်နေ့အပြီး တရုတ်က ရွှေ ၇၆၊ ငွေ ၄၁၊ ကြေး ၁၈ ရရှိနေပြီး ဂျပန်က ရွှေ ၂၂၊ ငွေ ၂၄၊ ကြေး ၃၄ ဖြင့် ဒုတိယလိုက်နေကာ တောင်ကိုရီးယားက ရွှေ ၁၅၊ ငွေ ၂၂၊ ကြေး ၄၁ ဖြင့် တတိယနေရာတွင် ရှိနေသည်။

### စက်ဘီး

တရုတ်နိုင်ငံမှ လီမိဖန်းသည် အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် စံချိန် ၃၁မိနစ်နှင့်၁၇ဒသမ၈၅စက္ကန့်ဖြင့် တရုတ်နိုင်ငံအတွက် စက်ဘီးအားကစားဖြင့် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကာဇက်စတန်မှ ဖူးလ်ဖီယာ ဇာဘီရိုဗာက စံချိန် ၃၂မိနစ်နှင့် ၁၀ ဒသမ ၂၄ဖြင့် ငွေတံဆိပ် ဆွတ်ခူးခဲ့သည်။ တောင်ကိုရီးယားမှ လီမင်ဟေးက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### လက်ဝှေ့

ထိုင်းမှ အေသင်အိုလံပစ် လက်ဝှေ့ငွေတံဆိပ်ဆုရှင် ဆူရီယာပရာဆက်သင်ဖီမိုင်သည် ကြိုးဝိုင်းအတွင်း ဝဲဘက်မျက်ခုံးကွဲသွား၍ ပြိုင်ဘက်တာ့ခ်မင်နစ္စတန်မှ ရှုကာရယ်လာအတာဂျာနော့ကို အရှုံးပေးခဲ့ရသည်။

အမျိုးသား ဝဲလ်တာဝိတ် ၆၉ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် တရုတ်မှ စီလာမူဟာနာတီနှင့် အိန္ဒိယမှ ဒီလ်ဘတ်ဆင်းတို့ ယှဉ်ပြိုင်ထိုးသတ်ရာ တရုတ်မှ စီလာမူက အနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

### တုတ်ထောက်ခုန်

ကမ္ဘာ့ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့သော တရုတ်နိုင်ငံမှ ချန်ဖိသည် အမျိုးသမီး တုတ်ထောက်ခုန်တွင် ၁၅ဒသမ၃၈၇ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။ မြောက်ကိုရီးယားမှ ဟောင်ဆုဂျောင်က ၁၅ ဒသမ ၂၃၇မှတ်ဖြင့် ဒုတိယ ငွေတံဆိပ် ဆွတ်ခူးခဲ့သည်။

**(အင်တာနက်)**



**တရုတ်စနူကာကစားသမား တိန်ပင်ဖိုင်၏ ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံ–အင်တာနက်)



အကြိမ်(၂၀) မြောက် နှစ်ကျိပ် ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်အပူဇော်ခံပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၅ရက်က ကျောက်တံခါး မြို့နယ် ဗိုလ်ချုပ်လမ်း ပညာ့အလင်းခေတ်မီ စာကြည့်တိုက်ရှေ့၌ ကျင်းပရာမြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ ဆက်)

# တောင်ကြီးဂေါက်ကလပ်နှစ်လည် မဂ္ဂဇင်းထုတ်ဝေရေးဆွေးနွေး ရွေးချယ်ခံရသောစာမူများ ဉာဏ်ပူဇော်ခထိုက်တန်စွာချီးမြှင့်မည်

**တောင်ကြီး ဒီဇင်ဘာ ၁**

တောင်ကြီးဂေါက်ကလပ်အလုပ်အမှုဆောင်အဖွဲ့က တောင်ကြီးဂေါက်ကလပ် နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးအလုပ်အမှုဆောင်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၂၆ရက် နံနက်က တောင်ကြီးဂေါက်ကလပ်ခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းအကြံပေး**

အစည်းအဝေးတွင် တောင်ကြီး ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက တောင်ကြီးဂေါက်ကလပ်အဖွဲ့ဝင်များနှင့် တောင်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ စုပေါင်း၍ တောင်ကြီးမြို့၏ တိုးတက်သာယာပုံနှင့် ရှမ်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှုများ၊ ဂေါက်သီးရိုက်ပညာပေး၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ မှတ်တမ်းဓာတ်ပုံများပါဝင်သော အဆင့်မြင့်မဂ္ဂဇင်းထုတ်ဝေရန် ဝိုင်းဝန်းအကြံပြုကြရန်ဆွေးနွေး ပြောကြားသည်။ **(အောက်ပုံ)**

**ထိုက်တန်စွာချီးမြှင့်မည်**

အနယ်နယ်အရပ်ရပ်မှ စာပေဝါသနာရှင်များ၊ ဂေါက်သီးရိုက် အားကစားပညာပေး စာပေရေးသားသူများနှင့် ကာတွန်း၊ ကဗျာပေးပို့လိုသူများ ဒီဇင်ဘာ၂၀ရက် နောက်ဆုံးထား၍ တောင်ကြီးမြို့ကျောင်းကြီးစုရပ် တောင်ကြီးဂေါက်ကလပ်ရုံးသို့ ရေးသားပေးပို့နိုင်ပြီး ရွေးချယ်ခံရသော စာမူများကို ဉာဏ်ပူဇော်ခ ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



# ချင်းပြည်နယ် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အားကြိုးမာန်တက်ဆောင်ရွက်

ဖလမ်း ဒီဇင်ဘာ ၃

**ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁ရက် နံနက်၁၀နာရီက ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်နှင့် တီးတိန်၊ တွန်းဇန်၊ ထန်တလန်၊ ဟားခါး၊ ကျီခါးနှင့် ရိခေါဒါရ်မြို့မှ ဦးစီးမှူးများ တက်ရောက်ကြသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားရာတွင် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အင်တိုက်အားတိုက် အားကြိုးမာန်တက် ဆောင်ရွက်ရေး၊ မီဒီယာနှင့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲတမ်း သက်ဝင်လှုပ်ရှား သွက်လက်မြန်ဆန်အောင် အလေးထား ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ဖြည့်ဆည်း**

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြကြပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**



**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉ လမ်း အမှတ် ၁၂၄ နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်သိန်းကြွေအား ရည်စူး၍ သမီးများ မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကွယ်လွယ်အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# ကမ္ဘာ့ရွာစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ အလှူငွေနှင့် ပညာပေးစာအုပ်များထောက်ပံ့

**မကွေး နိုဝင်ဘာ ၃၀**

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာ ကမ္ဘာ့ရွာစာကြည့်တိုက် နှစ်ပတ်လည်နေ့ အလှူငွေနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက လက်ခုပ်ပင်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်ရွှေမြင့်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်လတ်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ လက်ခုပ်ပင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်လတ်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်ရွှေမြင့်တို့က အမှာစကားပြောကြားကြသည်။

**လှူဒါန်း**

ထို့နောက်စာကြည့်တိုက်မှူး ဦးဝင်းနိုင်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံအကြောင်းနှင့် ဘဏ္ဍာရေးမှူး ဦးဇော်ဝင်းနိုင်က ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး လက်ခုပ်ပင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အလှူငွေကျပ်တစ်သောင်းနှင့် စာရေးဆရာ ဂမုန်းပွင့်(တိုင်းရင်းဆေးသမားတော်)က ပညာပေးစာအုပ် ၄၀၀နှင့် လက်ကမ်းစာစောင် ၆၀၀ ကိုလည်းကောင်း၊ ကဗျာဆရာဝင်းနွယ်(သစ်တော)နှင့် မောင်တင်ထွန်း(ကန်သာလေး)တို့ကသုတ၊ ရသ၊ စာအုပ်မျိုးစုံ ၅၀ကျော်ကိုလည်းကောင်း လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ စာရေးဆရာများဖြစ်ကြသော ဂမုန်းပွင့်(တိုင်းရင်းဆေး)၊ ဝင်းနွယ်(သစ်တော)နှင့် မကွေးလှမြင့်တို့က ကျန်းမာရေးနှင့် စာပေရေးရာများ ဟောပြောကြသည်။ **(၃၈၃)**



# ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်

**ပန်းတောင်း နိုဝင်ဘာ ၁၈**

ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီက ကြီးမှူးကျင်းပသည့် နယ်မြေစည်းရုံးရေးနှင့် ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ဆင်တဲလယ်စက်(၁)ခန်းမ၌ ကျင်းပသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် ပန်းတောင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကျော်ဦး(ငြိမ်း)က အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအကြောင်းဆွေးနွေးတင်ပြကာ ပညာသင်ဆုများကို တာဝန်ရှိသူများအားပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ကနီမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကနီ နိုဝင်ဘာ ၂၅**

ကနီမြို့ အမှတ်(၁) ရပ်ကွက် မြို့မကွင်း အမှတ်၅၆–ကရှိ တောင်သူ ဦးမြဖေပိုင် လယ်မြေ၌ သီးထပ်ရင်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉နာရီက ကျင်းပရာ ကနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း ဦးဆောင်၍ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးမျိုးမော် ကြီးကြပ်သော ဝန်ထမ်းများ ကွင်းဆင်းပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၀၉ဒသမ ၃၈တင်း ထွက်ရှိသည်။

**တက်ရောက်**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ အမှတ် ၁ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# သီးနှံစပါးပြည့်အင်အား တားဆီးကာကွယ်မီးအန္တရာယ်



နှစ်ဖက်သော မိဘများကိုအမှူးထား၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း တရုတ်တန်းရပ် အမှတ် (၃၄) နေ ဦးရွှေဟန်-ဒေါ်ခင်ညွန့်သားသမီး၊ မြေးမြစ်တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၂၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ပန်းတစ်ပွင့်တောင်ဆရာတော်တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(အထက်တန်း) ကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်သည် ဒီဇင်ဘာ ၉ရက်တွင် တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကကျောင်းတိုက်၌ ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သြဝါဒစရိယအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသမထေရ်မြတ်၏ ဝိဇာတမွေးနေ့၊ ၁၃ ရက်နှင့် ၁၄ရက်များတွင် ရွှေပြည်သာ (ထ)ရပ်ကွက် သီရိမင်္ဂလာဓမ္မာရုံ၊ ၂၅ ရက်တွင် အလုံမြို့နယ် သိပ္ပံဈေး မင်္ဂလာမဏ္ဍပ်နှင့် ၂၉ရက်တွင် သံဈေး မင်္ဂလာမဏ္ဍပ်တို့တွင် ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်-ဒေါ်စမ်းစမ်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး-ဒေါ်ရီရီလှိုင်တို့အား အမှူးထား၍ စစ်ဆေးရေးနှင့် နိုင်ငံခြားငွေကြေးဌာန ဝတ်အသင်းသူများက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင် ဝိနယ(ဝံသမေဒနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဓာတုဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

## မြို့နယ်သတင်းများ

ရန်ကုန် ဒီဇင်ဘာ ၇

၁၉၇၀-၁၉၇၄ခုနှစ် ဓာတုဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သဖြင့် ဦးမောင်မောင် ဖုန်း-၀၉-၅၁-၂၈၉၆၆၊ ၀၉-၅၁၁၅၈၁၃၊ ဦးလှမြင့် ဖုန်း-၂၀၄၀၀၈၊ ၀၉-၅၀-၁၇၀၃၂၊ ဦးတင်ဦး ဖုန်း-၂၄၉၇၀၁၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၂၀၁၁၇၁၊ ဒေါ်သန်းသန်းရွှေ ဖုန်း-၅၀၀၁၇၄နှင့် ဒေါ်ခင်စောသီ ဖုန်း-၂၄၀၉၆၆၊ ၂၅၆၄၁၁-(လိုင်းခွဲ၄၀၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး မည်သည့်ပညာသင်နှစ်မှ ကျောင်းသား ကျောင်းသူဟောင်းများမဆို ဆက်သွယ်ပါဝင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ သုဝဏ္ဏ (၂၃) ရပ်ကွက် စရည်းပင်လမ်း အမှတ် ၂၂၇ နေ ဒေါက်တာ ဦးအောင်စန်း ဆေးရုံအုပ်ကြီး (ငြိမ်း)-ဒေါ်ခင်ညွန့်ရီ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂)ဦးဘဉာဏ်က လက်ခံယူစဉ်။** (က-ပ)



**မင်းကွန်းတောင်ရိုး ပုထိုးတော်ကြီးအနောက်ဘက် ဓမ္မစေတီအောင်မြေဘုံကျော်ကျောင်းတိုက်တွင် ဓမ္မစေတီကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်ကြီးတည်ထားကိုးကွယ်ရန်အတွက် ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရထံ ဒေါ်အီလှ မိသားစုက အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ ဓမ္မဝိဇ္ဇာဓမ္မာရုံကြီး ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၇

ကျေးဇူးရှင် ဖခင်ကြီး ဦးဝင်းဒင်(ညွှန်မှူး၊စက်မှု၊ငြိမ်း) အားရည်စူး၍ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ မိခင်ကြီး ဒေါ်မြသွင်နှင့် ဦးကြည်ဝင်း-ဒေါ်ခင်မေဦး၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ဆွေဦး(သပြေညို၊ဆောက်လုပ်ရေး၊ စမ်းချောင်း)၊ ဒေါက်တာဇော်ဝင်းဦး၊ ဦးအောင်ဝင်းဦး-ဒေါ်ခင်ဆွေဆွေထွန်း၊ သားသမီး၊မြေးတစ်စုတို့က မွန်ပြည်နယ်သထုံမြို့ ရွှေတောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒာသီရိမဟာထေရ်၊ ရန်ကုန်တိုင်း အင်းစိန် အောင်ဆန်းမြို့နေ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇) တောရတပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယက (မဟာကမ္မဋ္ဌာနာစရိယ) အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရမဟာထေရ်နှင့် သထုံမြို့ နန္ဒဝန်ကျောင်းတိုက် ဘုန်းတော်ကြီး (မိုးကုတ်ဓမ္မကထိက) ဘဒ္ဒန္တ လက္ခဏသိဒ္ဓိအရှင်မြတ်တို့အား သိက္ခာတော်ထပ် ပူဇော်၍ ဒုလ္လဘရဟန်းအပါး ၃၀ တို့အား ဥပသမ္ပဒကံဆောင် ဒုလ္လဘရဟန်း ခံပွဲနှင့် ဓမ္မဝိဇ္ဇာဓမ္မာရုံကြီးရေစက်သွန်းချ လှူဒါန်းခြင်း၊ မိုးကုတ်ဝိပဿနာ တရားစခန်းကျင်းပပူဇော်ခြင်း အလှူမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် သထုံမြို့ နန္ဒဝန်ကျောင်းတိုက်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



## နမ့်ခမ်းချောင်းတံတား၌ သန့်ရှင်းရေးဆောင်ရွက်

မိုင်းယောင်း နိုဝင်ဘာ ၂၀

မိုင်းယောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ နမ့်ခမ်းချောင်းတံတားသန့်ရှင်းရေးဆောင်ရွက်မှုကို နိုဝင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

**ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး ရေထွက် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေဖမ်းကန်များ ထိန်းသိမ်း ထားမှုကို နိုဝင်ဘာ ၉ ရက်က စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်း စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

စဉ့်ကူး နိုဝင်ဘာ ၅

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်မောင်သည် စဉ့်ကူးမြို့နယ် ဦးစီးမှူး ဦးဘိုဘိုဟန်လိုက်ပါ၍ အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် ညောင်ဝန်းစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စာကြည့်တိုက် ရှင်သန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးချစ်မောင်သည် ညောင်ဝန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ကျင်းပသည့် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ပညာပေးဟောပြောပြီး **(အောက်ပုံ)** ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို စာကြည့်တိုက်တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**



## ရေစက်ရုံနှင့် ရေကန် ဆောင်ရွက်မှုကြည့်ရှု

တောင်ငူ နိုဝင်ဘာ ၂၀

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မှုလုပ်ငန်းဖြစ်သော တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာတွင် ရေစက်ရုံနှင့် ရေကန် ဆောင်ရွက်ထားရှိမှုကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကံ့ကော်လမ်းတွင် မြေယာရှုခင်း အလှပြုပြင်ကြစဉ်။** (မြို့နယ်စည်ပင်)



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

## ကြိုဆို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်းတျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ တိုင်းမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

### ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ နေပြည်တော်၌ကျင်းပမည် ကျင်းပရေးလုပ်ငန်းများ လစ်ဟာမှုမရှိအောင် ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)





## တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ■

# ဘိုင်အိုဒီဇယ် ထုတ်ယူသုံးစွဲသည့် လုပ်ငန်း နည်းစနစ်မှန်ကန်လျှင် ပို၍ အကျိုးဖြစ်ထွန်းစေနိုင်

တွေ့ဆုံမေးမြန်းသူ–မြင့်မောင်စိုး၊ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၇

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများ၏ ထုတ်ကုန်များ အရှိန်မြင့်ထုတ်လုပ်လာမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုလုပ်ငန်းများ တိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့စွမ်းအင်သုံးစွဲမှုမှာ များပြားလာခဲ့သည်။ ထိုသို့ စွမ်းအင်ကို အလွန်အကျွံ ထုတ်ယူသုံးစွဲနေမှုကြောင့် သဘာဝအလျောက် တည်ရှိနေသော ရေနံလုပ်ကွက်များ၊ သဘာဝဓာတ်ငွေ့သိုက်ကြီးများ လျော့နည်းလာရသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ●

## မိုးလေဝသအခြေအနေ

၈–၁၂–၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။